မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၁၁)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ စနေနေ့။

ထူးခြားသည့် ညအပူချိန်များ

၁၈-၁-၂၀၁၃

ပင်လောင်းမြို့	၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်

၁၉-၁-၂၀၁၃ သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ကျေးလက်ဒေသအထိ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ပိုမိုပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင် ပြည်သူလူထုအား တိုက်ရိုက်လူမှုရေးအကျိုးရလဒ်ပေးနိုင်မှုအတွက်ပါ ဦးစားပေးလုပ်ဆောင်နေ

နေပြည်တော် ဇန်နဝါရီ ၁၈

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၃)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၃) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ကော်မတီဒုတိယ ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့်အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီတို့မှ အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃ ဖြင့်နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးလိုက်သည့် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှု ကော်မတီနဲ့ စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပထမဆုံးအကြိမ် ပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း။

ဤကော်မတီများကို ပြည်သူတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့ကို စနစ်တကျ ချိတ်ဆက် စီမံဆောင်ရွက်နိုင်ရန် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှု

စာမျက်နှာ ၇ ကော်လံ ၁ ◆

မြန်မာနိုင်ငံ၌ အိန္ဒိယက စိုက်ပျိုးရေးသုတေသနဌာန တည်ဆောက်နေ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံမှ စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် စိုက်ပျိုးရေးဆိုင်ရာသုတေသနဌာနတစ်ခုကို နေပြည်တော် ရေဆင်းတက္ကသိုလ်ဝင်းအတွင်း၌ အိန္ဒိယနိုင်ငံက တည်ဆောက်နေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါ သုတေသနဌာနတွင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော ပညာရေးနှင့် သုတေသနလုပ်ငန်းတို့ကို လေ့ကျင့်သင်ကြားပေးရန် အိန္ဒိယမှ ကျွမ်းကျင်သူများကိုလည်း စေလွှတ်ပေးရန် စီစဉ်လျက်ရှိသည်။ ယင်းသုတေသနဌာနတွင် ဓာတ်ခွဲခန်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းကိရိယာများ ထည့်သွင်းဖြည့်ဆည်းပေးမည်ဖြစ်သည်။

အဆိုပါ သုတေသနဌာန တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ပါက ရေဆင်းတက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသား ကျောင်းသူများကိုလည်း လေ့လာသုတေသနပြုမှုနှင့် လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ရေဆင်းတက္ကသိုလ်တွင် လောလောဆယ် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ယင်းစိုက်ပျိုးရေးသုတေသနဌာန တည်ဆောက်မှုကို သတ်မှတ်ထားသည့် ကာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

အာကာဟိန်း-ရေးသားသည်

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် တန်ဖိုးရှိသော စိုက်ပျိုးရေးသုံး စက်ပစ္စည်းကိရိယာများ ကူညီပေးလျက်ရှိသည်။

အဆိုပါ လယ်ယာသုံးစက်ပစ္စည်းများမှာ မြင်းကောင်ရေ ၄၀ အားရှိသည့် လယ်ထွန်စက်

စာမျက်နှာ ၇ ကော်လံ ၆ ○

သ တင်း မာ တိ ကာ

ယနေ့လူငယ်လူရွယ်လေးများ ဆေးလိပ်နှင့် ကွမ်းယာလုံးဝမသုံးစွဲသေးလျှင် စတင်အသုံးမပြုမိဖို့သတိပေးလို

ခေါင်းကြီး စာမျက်နှာ - ၂

ထိုင်းနှင့်ဂျပန်တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်သဘောတူညီ စာမျက်နှာ - ၄

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ သုံးလအတွင်း ထုတ်ပေးမည် စာမျက်နှာ - ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကွမ်းစားဆေးသောက် နှစ်မှုရှောက်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ကွမ်းစားဆေးသောက်သူများ အလွန်များပြားလှ၏။ အချို့က ဆေးလိပ်သာသောက်၏။ ကွမ်းမစား။ အချို့မှာကား ကွမ်းသာစား၏။ ဆေးလိပ်မသောက်။ အချို့မှာမူ ဆေးလိပ်လည်းသောက်၏။ ကွမ်းလည်းစား၏။ ဤသို့ကွမ်းစားခြင်းသည်လည်းကောင်း၊ ဆေးလိပ်သောက်ခြင်းသည်လည်းကောင်း လူတို့အတွက် ကောင်းမွန်သောအကျိုးထူးများ ရှိပါက ပြောပါဆိုလျှင် ကောင်းမွန်သည်ဟု ထောက်ခံပြောဆိုသူ တစ်ဦးတစ်ယောက်မျှပင် မရှိသေးချေ။

ထိုသို့ မကောင်းမှန်းသိကြသော်လည်း မြန်မာအမျိုးသား ၉၀ ရာခိုင်နှုန်းတို့သည် ဆေးလိပ် သို့မဟုတ် ကွမ်းကိုနေ့စဉ် စားသုံးနေကြသည်။ ထိုဆေးလိပ်နှင့် ကွမ်းယာနှစ်မျိုးစလုံးသည် လူကို စွဲမက်စေသော အာနိသင်ဓာတ်များ ပါရှိလေသောကြောင့် စမ်းသပ်၍စားမိရာက ကွမ်းသမား၊ ဆေးသမားဘဝသို့ ရောက်ကြရသည်။ ဆေးလိပ်နှင့်ကွမ်းယာကို လူငယ်လူရွယ်ဘဝမှစ၍ သုံးစွဲကြရာက စွဲလမ်းနှစ်သက်သွားကြကုန်၏။

ဆေးလိပ်တစ်လိပ်သောက်ပြီးတိုင်း အသက်ပိုတိုတိုသွားကြောင်း သုတေသီတို့က ဖော်ထုတ်ပြောဆိုကြကုန်၏။ ဆေးလိပ်သောက်ခြင်းကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါစသော ရောဂါများ ဆက်စပ်ဖြစ်ပွားနိုင်ကြောင်းကိုလည်း ပညာရှင်တို့က အတိအလင်းသတိပေးပြောကြားလျက်ရှိသည်။

ထို့အတူ ကွမ်းစားခြင်းသည်လည်း ကျန်းမာရေးရှုထောင့်ကကြည့်လျှင် ကောင်းကွက်တစ်ကွက်ပင် မတွေ့ရ။ ကွမ်းယာတွင်ပါဝင်သော ဆေးရွက်ကြီးသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ကွမ်းစားခြင်းကြောင့် သွားများ၊ သွားဖုံးများ ပျက်စီးစေနိုင်သည်။ တချို့က ကွမ်းစားခြင်းကြောင့် သွားခိုင်သည်ဟု တလွဲပြောဆိုနေကြပေသည်။ ကွမ်းယာတွင် ပါဝင်သောထုံးများကြောင့် ကွမ်းချိုးများဖြစ်ကာ သွားများ စောစီးစွာ ယိုင်နဲ့ပျက်စီးစေနိုင်သည်။

ကွမ်းစားဆေးသောက်ကြသူများသည် ကွမ်းမစား ဆေးမသောက်ကြသူများနှင့်နှိုင်းစာလျှင် နေ့စဉ် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ခန့်အထိ စီးပွားရေးအရ အနုတ်လက္ခဏာပြနေသည်။ ထိုငွေများကို စုထားလျှင်သော်လည်းကောင်း၊ မိသားစုအတွက် တစ်နေရာရာတွင် သုံးလျှင်သော်လည်းကောင်း များစွာအကျိုးရှိမည်မှာ သေချာပေသည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်လေးများ ဆေးလိပ်နှင့် ကွမ်းယာ လုံးဝမသုံးစွဲသေးလျှင် စတင်အသုံးမပြုမိဖို့ သတိပေးလိုပါသည်။ ကွမ်းစားဆေးသောက် နှစ်မှုမရောက်စေချင်ပါ။ ။

ပြည်တွင်းသတင်း

ကံစမ်းမဲဖွင့်လှစ်ပြီး အရောင်းမြှင့်တင်ပေးမှု တရားဝင်ပွင့်လင်းမြင်သာ ဆောင်ရွက်ပေးစေလို

ရန်ကုန် ဇန်နဝါရီ ၁၈

စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ရှိမှုမှ ကင်းဝေးရန် စားသုံးသူကာကွယ်စောင့်ရှောက်ရေး NGO အဖွဲ့အစည်းများ ပေါ်ပေါက်လာချိန်တွင် စားသောက်ကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိသာမက စားသုံးသူများအပေါ် အရောင်းမြှင့်တင်ရေးဆိုပြီး ကံစမ်းမဲများ ဖောက်ပေးမည်ဆိုကာ ရောင်းချနေမှုများအပေါ် စစ်ဆေးသင့်ကြောင်း စားသုံးသူများက ဆိုကြသည်။

အရက်ကံစမ်းမဲမှ မော်တော်ကားဆုချီးမြှင့်မည်ဆိုခြင်းမှာ အရက်၊ ဆေးလိပ်များကို တီဗွီ၊ ရေဒီယိုအပါအဝင် စာနယ်ဇင်းများမှ ကြော်ငြာခြင်းထက်ပင် အန္တရာယ်ဖြစ်စေကြောင်း၊ ကာလအတန်ကြာမှ ကံစမ်းမဲဖောက်ပေးခြင်းထက် ယခုအခါ နေ့စဉ် မော်တော်ဆိုင်ကယ်တစ်စီး၊ နေ့စဉ် GSM ဆင်းကတ်များ၊ တစ်သိန်းတန် ရွှေဆွဲကြိုးများ၊ ငွေသားဆုမဲများ၊ ကားနှစ်စီးနှင့်အပိုဆုများ ချီးမြှင့်မည့်ဆိုသော အချိုရည်အရောင်းမြှင့်တင်ရေး ဗီနိုင်း၊ ပိုစတာများ၊ တိုက်ခန်း၊ မော်တော်ဆိုင်ကယ်အပါအဝင် ဆုများစွာချီးမြှင့်မည့် ကံစမ်းမဲများ ပါဝင်သော ကုန်ပစ္စည်းကြော်ငြာများကို တွေ့မြင်နေရရာ စားသုံးသူအပေါ် အမြတ်အစွန်းမှ ပြန်လည်ခွဲဝေပေးမည့် လုပ်ရပ်ဖြစ်သည်ဟု ထင်မြင်နိုင်သော်လည်း စားသုံးသူများအပေါ် ကံစမ်းမဲဖွင့်ပေးသည့် ကာလတွင် သက်ဆိုင်ရာ စားသုံးသူများ၊ NGO အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ တတ်ကျွမ်းသူများ ရှေ့မှောက်တွင် ပြုလုပ်မှုရှိမှသာ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ သို့မဟုတ်ပါက အထင်အမြင်မှားမှုများ ရှိလာနိုင်ကြောင်း၊ စားသုံးသူများကို ပေးလာသော တိုက်ခန်း၊ ကားကံစမ်းမဲ အမြောက်အမြား ဖွင့်လှစ်မှု နေ့စဉ်၊ လစဉ် ဖွင့်လှစ်ပေးမည့်နှုန်းများနှင့်တကွ ကံစမ်းမဲဖောက်သည့် အစီအစဉ်ကို တရားဝင်သိသာမြင်သာအောင် ကြေညာပေးမှသာ ကြားခံအရောင်းကိုယ်စားလှယ်များ အနေဖြင့် စားသုံးသူအပေါ် ကျေနပ်လောက်သော အဖြေတစ်ရပ်ပေးနိုင်မည်ဟု အရောင်းကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

နိုင်ငံတကာနှင့် ဆက်ဆံမှုများလာသော ယနေ့အချိန်ကာလတွင် နိုင်ငံတကာမှာကဲ့သို့ ကံစမ်းမဲဖွင့်လှစ်ပေးပြီး အရောင်းမြှင့်တင်ပေးခြင်းကို တရားဝင်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် လိုလာကြောင်း၊ စားသုံးသူဆိုင်ရာ NGO အဖွဲ့အစည်းများ အနေဖြင့်လည်း အရောင်းမြှင့်တင်မှုတွင် အတိအလင်းကြေညာထားသကဲ့သို့ အမှန်တကယ် ကံစမ်းမဲဖောက်ခြင်း ရှိမရှိကိုပါ ဖော်ထုတ်ပေးမှသာ စားသုံးသူအပေါ် ကာကွယ်ပေးရာရောက်သည်ဟု ပြည်ပတွင် နေထိုင်ခဲ့ဖူးပြီး ရန်ကုန်မြို့တွင် ကံစမ်းမဲအကြီးအကျယ်ပေးနေသော ကုန်ပစ္စည်းများကို ရောင်းချနေသည့် အရောင်းကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

အောင်ဘာလေ သိန်းထီလက်မှတ်ရောင်းချခြင်းတွင်လည်း အရောင်းဆိုင်ကြီးမှ အပိုဆုငွေများ ပေးနေမှုကို သက်ဆိုင်ရာမှ ခွင့်မပြုသဖြင့် ယခုအခါ နိုင်ငံတော်မှ ဆုမဲအတိုင်းသာ ခံစားခွင့်ရှိကြောင်း၊ ယခင်က အပိုဆုကြေးပေးရမှုကို အကြောင်းပြု၍ အောင်ဘာလေသိန်းထီလက်မှတ်ရောင်းချခြင်းကို သတ်မှတ်ဈေးနှုန်းတစ်စောင်လျှင် ငွေကျပ်နှစ်ရာထက် ဈေးမြှင့်ရောင်းချခဲ့ကြောင်း ထီထိုးသူများက ပြောကြားသည်။

(ခင်ဆိုင်)

ပထဝီမြေပုံ ရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

ကလေး ဇန်နဝါရီ ၁၈

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ပထဝီမြေပုံရေးဆွဲနည်း သင်တန်းကို ဇန်နဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကလေးမြို့ နေရဋ္ဌရာခန်းမ၌ ဖွင့်လှစ်သည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် လုပ်ငန်းအဆင်ပြေချောမွေ့စေရေးကို ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် ကလေးခရိုင်ရှိ ကျေးရွာနှင့်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ အုပ်ချုပ်ရေးစာရေးများအားလုံးတက်ရောက်ကြပြီး ခရိုင်နှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ချပေးကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တန်ဖိုးထားစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံနှင့် ပစ္စည်းများအပေါ်တွင် ခရီးသွားပြည်သူအချို့ အမှတ်တရစာရေးခြင်း၊ နာမည်ရေးသားခြင်း ပြုလုပ်နေမှုများ ယခင်ထက် ပိုမိုများပြားလာကြောင်း တွေ့ရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ စေတီပုထိုးများ၊ မန္တလေးမြနန်းစံကျော်ရွှေနန်းတော်နှင့် စစ်ကိုင်းမင်းကွန်းခေါင်းလောင်းကြီး အစရှိသည့်နေရာဒေသများတွင် ယင်းသို့ရေးသားထားသည်ကို အများအပြားတွေ့ရှိရသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့် မြန်မာနိုင်ငံသို့ ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလည်း လာရောက်လေ့လာကြည့်ရှုနေကြရာ ယင်းကဲ့သို့ စာရေးသားခြင်းများကို တွေ့မြင်သွားပါက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားမှု အားနည်းကြသည်ဟု တွေးမြင်ကြမှာ အမှန်ပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ တာဝန်ရှိသူများအနေဖြင့် ယင်းကဲ့သို့ စည်းကမ်းမဲ့မပြုလုပ်နိုင်အောင် အထူးတားမြစ်ဆောင်ရွက်သင့်သကဲ့သို့ ပြည်တွင်းခရီးသွား မိဘပြည်သူများအနေဖြင့်လည်း ဘိုးဘွားပိုင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းချင်သော စိတ်ဓာတ်မွေးမြူသင့်ကြပေသည်။ သို့မှသာ မိဘပြည်သူများကဲ့သို့ ပြည်ပခရီးသွားဧည့်သည်များကလည်း မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ **ရဲသူရအောင် (ညောင်ဦး)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ဘာသာစုံအခမဲ့ အလွတ်သင်ကျောင်းဖွင့်ရေး ညှိနှိုင်းစည်းဝေး

နတ်မောက် ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး ကျောင်းတိုက်အတွင်း စေတနာရှင် မိဘပြည်သူများ၊ လုပ်အားရှင် ဆရာ ဆရာမများ၊ ပရဟိတစိတ်ရှိသူ လူကြီးလူငယ်များ ပူးပေါင်းတည်ထောင်ဖွင့်လှစ်မည့် ဇာနည်မြေ မျိုးဆက်ပညာ့ပန်းခင်း (၈/၉/၁၀) တန်း ဘာသာစုံအခမဲ့ အလွတ်ပညာသင်ကျောင်း ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းတိုက် ဝရဇိန်ကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နတ်မောက်မြို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဝါယမ၊ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဥပ္ပလတို့ ကြွရောက်တော်မူကြပြီး ဩဝါဒကထာချီးမြှင့်သည်။ ဆက်လက်၍ ဇာနည်မြေမျိုးဆက်ပညာ့ပန်းခင်း (၈/၉/၁၀) တန်းဘာသာစုံ အခမဲ့အလွတ်ပညာသင်ကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆပ်ကော်မတီအသီးသီးကိုဖွဲ့စည်းပြီး အလှူငွေများပေးအပ်လှူဒါန်းရာ နတ်မောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဝါယမက ငွေကျပ်တစ်သိန်း၊ ဦးစိုးမိုးဌေး-ဒေါ်ထွေးထွေးလွင် မိသားစု (မန္တလေးမြို့)က ငွေကျပ်သိန်းနှစ်ရာနှင့် မြို့မိမြို့ဖ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ပရဟိတစိတ်ရှိသူများက ငွေကြေးနှင့် ကျောင်းသုံးပရိဘောဂများ လှူဒါန်းကြသည်။

နတ်မောက်မြို့ ဇာနည်မြေမျိုးဆက်ပညာ့ပန်းခင်း အခမဲ့အလွတ်ပညာသင်ကျောင်းသို့ အလှူငွေများလှူဒါန်းလိုပါက အကျိုးတော်ဆောင်များဖြစ်သော ဦးလှရှိန်ဖုန်း-၀၆၃-၆၉၅၂၈၊ ဒေါက်တာစိုးမင်း ဖုန်း-၀၆၃-၆၉၁၄၅၊ ဦးသိန်းမြင့် ဖုန်း-၀၆၃-၆၉၅၅၂၊ ဦးစိန်မင်း ဖုန်း-၀၆၃-၆၉၆၅၃၊ ဦးတင်စိုး ဖုန်း-၀၆၃-၆၉၂၄၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **နေလင်း(ပညာရေး)**

ပြည်တွင်းသတင်း

သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၃/၂၀၁၃)

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)



၁။ ကချင်ပြည်နယ်၊ လဂျားယန်ဒေသတွင် KIO/KIA လက်နက်ကိုင်တပ်ဖွဲ့များက လဂျားယန်တပ်မတော်စခန်းအား ၂၀၁၂ ခုနှစ်၊ မတ်လမှစတင်ပြီး ဝန်းရံပိတ်ဆို့ထားခြင်း၊ လဂျားယန်စခန်းသို့ ရိက္ခာပို့ဆောင်သည့် တပ်မတော်စစ်ကြောင်းများကို ချုံခိုတိုက်ခိုက်ခြင်း၊ မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးကို အများပြည်သူများ အသုံးမပြုနိုင်အောင် ပိတ်ဆို့ထားခြင်း၊တံတားများကို မိုင်းခွဲဖျက်ဆီးခြင်းများအား ပြုလုပ်ခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်မှစတင်၍ ပွိုင့် ၇၇၁ တောင်ကုန်း အပါအဝင် လဂျားယန်ဒေသရှိ KIO/KIA ခြေကုပ်စခန်းများအား တပ်မတော်စစ်ကြောင်းများမှ ရှင်းလင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရသည်။

၂။ ၂၀၁၁ ခုနှစ် ဇွန်လ၌ တပ်မတော်နှင့် KIO/KIA ကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားချိန်မှစပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အတိုင်း မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရန်အတွက်သာ ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ သို့သော် KIO/KIA လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် လဂျားယန်စခန်းရှိ တပ်မတော်သားများထံသို့ ရိက္ခာပို့ဆောင်သည့် တပ်မတော်စစ်ကြောင်းများကို သုံးကြိမ်ချုံခိုတိုက်ခိုက်ခဲ့သည့်အတွက် တပ်မတော်သား (၃၅)ဦးကျဆုံးကာ (၁၉၀)ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ လဂျားယန်စခန်းမှာ ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေးမတိုင်မီ (KIO/KIA တို့၏လိုင်ဇာစခန်းမရှိမီ)ကပင် တပ်မတော်က အခြေစိုက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သည့်စခန်းဖြစ်ပြီး ထိုစခန်းသို့ ရိက္ခာများ ပို့ဆောင်မည်ဖြစ်ကြောင်းကိုလည်း KIO/KIA အဖွဲ့သို့ ကြိုတင်အသိပေးပြီးမှ ဆောင်ရွက်ခဲ့သည့်တိုင် KIO/KIA အဖွဲ့က ကြားဖြတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ရိက္ခာပို့ဆောင်နိုင်ခြင်းမရှိသည့်အတွက် စခန်းအတွင်းရှိ တပ်မတော်သားစစ်သည်များအနေဖြင့် စားနပ်ရိက္ခာများပြတ်လပ်ပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေကို ရောက်ရှိလာသောကြောင့် စစ်သည်များ အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်အတွက် အထက်ပါနယ်မြေရှင်းလင်းမှုများကို တပ်မတော်က မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

၃။ လေကြောင်းပစ်ကူ ရယူခဲ့ရခြင်းမှာလည်း KIO/KIA တပ်စခန်းပစ်မှတ်များကိုသာ တိတိကျကျ ထိမှန်ချေမှုန်းနိုင်ရန်နှင့် စစ်ပွဲနှင့်မသက်ဆိုင်သော အရပ်သားပစ်မှတ်များကို ရှောင်လွှဲလိုသောကြောင့် ဖြစ်သည်။ KIO/KIA တပ်များသည် လဂျားယန်စခန်းအား အပြင်မှသံဆူးကြိုးခတ်၍ အဆက်အသွယ်ဖြတ်တောက်ထားသောကြောင့် တပ်စခန်းအတွင်းရှိ တပ်မတော်သားစစ်သည်များအတွက် ရိက္ခာပို့ရန်၊ စစ်ရေးအရ တိုက်ခိုက်ရန်သာရှိသဖြင့် မလုပ်မဖြစ်လုပ်ခဲ့ရခြင်းဖြစ်သည်။ တပ်မတော်သည် ငြိမ်းချမ်းရေးစကားဝိုင်းမှတစ်ဆင့် မိမိတပ်စခန်းများကို ရွှေ့ပြောင်းပေးရန် ဆုံးဖြတ်ထားခဲ့သော်လည်း တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် KIO/KIA မှ လာရောက်ခြင်းမရှိဘဲ နိုင်ငံတော်အစိုးရမှ ကမ်းလှမ်းချက်ကို ပယ်ချခဲ့ခြင်းနှင့် ရွှေလီဆွေးနွေးပွဲကို ပျက်ပြားစေခဲ့ခြင်းစသည့် အကြောင်းအချက်များသည် ယခုတိုက်ပွဲများကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်လာစေသည်။

၄။ ယခုအခါ တပ်မတော်အနေဖြင့် လဂျားယန်စခန်းရှိ စစ်သည်များ လုံခြုံရေးနှင့် မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုလမ်းမကြီး လုံခြုံရေးအတွက် လိုအပ်သည့် ကန့်သတ်ရည်မှန်းချက်များကို ရရှိပြီးဖြစ်သောကြောင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် ၀၆း၀၀ နာရီမှစတင်ပြီး လဂျားယန်ဒေသရှိ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရှိရသည်။

KIO/KIA လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ကုန်စည်ပို့ဆောင်ရေးယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ရသည်ကို တွေ့ရစဉ်။

၅။ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြစ်သည့် မိမိကိုယ်မိမိ ခုခံကာကွယ်ရန်မှအပ ပစ်ခတ်တိုက်ခိုက်မှုများ မပြုလုပ်ရန်ဆိုသည့်အချက်ကို တိကျစွာ လိုက်နာသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထပ်မံအတည်ပြုပြောကြားသည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခတစ်ခုတွင် တင်းမာမှုအရှိန်လျော့ကျစေရန်အတွက် နှစ်ဖက်လုံးက တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် KIO/KIA အနေဖြင့်လည်း တပ်မတော်တပ်ဖွဲ့များကို စတင်တိုက်ခိုက်မှုမပြုရေး လက်အောက်တပ်ဖွဲ့များကို ညွှန်ကြားကြပ်မတ်သွားရန် တိုက်တွန်းသည်။ ပြီးခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာပါက မိမိကိုယ်ကို ခုခံကာကွယ်ရုံမှအပ ချီတက်ထိုးစစ်ဆင် တိုက်ခိုက်ခြင်းမပြုရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ရရှိခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်အထိ KIO/KIA အဖွဲ့အနေဖြင့် လမ်းတံတားဖောက်ခွဲဖျက်ဆီးမှု (၁၂၂)ကြိမ်၊ မိမိတပ်စခန်းများအား လာရောက် နှောင့်ယှက်ပစ်ခတ်ခြင်း (၆၄)ကြိမ်၊ အရပ်သားများ မိုင်းနင်းမိခြင်းအကြိမ် (၃၀)၊ လုယက်ဖျက်ဆီးခြင်း အကြိမ် (၆၀)၊ လူသစ်စုဆောင်းခြင်းနှင့် အဓမ္မဖမ်းဆီးခြင်း (၂၈) ကြိမ်ရှိခဲ့ပြီး မိမိတပ်များနှင့် ထိတွေ့မှုပေါင်း (၁၀၉၅)ကြိမ် ဖြစ်ပွားခဲ့ကာ ၄င်းဖြစ်စဉ်များတွင် အရာရှိစစ်သည်အများအပြား ကျဆုံးခြင်း၊ ဒဏ်ရာရခြင်းများ ရှိခဲ့သည်။

၆။ ထို့ပြင် ကချင်ပြည်နယ်အတွင်း ပြန်လည်ဖြစ်ပွားလာသည့် တိုက်ပွဲများကြောင့် ဒုက္ခရောက်နေရသည့် ပြည်သူများကို စာနာထောက်ထားသောအားဖြင့် အများပြည်သူအသုံးပြုနေသည့် ကားလမ်း၊ ရထားလမ်းများကို ပိတ်ဆို့ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ မပြုလုပ်ရန်လည်း လိုအပ်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် KIO/KIA လက်နက်ကိုင်အဖွဲ့များက မန္တလေး-မြစ်ကြီးနား ရထားလမ်းတွင် မိုင်းခွဲတိုက်ခိုက်မှု(၅၆)ကြိမ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ် ပူတာအိုလမ်းတွင် မိုင်းခွဲတိုက်ခိုက်မှု(၁၅)ကြိမ်၊ မြစ်ကြီးနား-ဗန်းမော်ကားလမ်းတွင် မိုင်းခွဲတိုက်ခိုက်မှု(၄၂)ကြိမ် ပြုလုပ်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးမှုများရှိသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးများလည်း ပြတ်တောက်ခဲ့ရသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုများကြောင့် ကချင်ပြည်နယ်တွင် ကုန်ဈေးနှုန်းများ ကြီးမြင့်လာခဲ့ပြီး အထူးသဖြင့် ပူတာအိုဒေသရှိ ပြည်သူများအနေဖြင့် စားနပ်ရိက္ခာရှားပါးမှုနှင့် ရင်ဆိုင်နေရသဖြင့် တပ်မတော်လေယာဉ်များနှင့်ပါ ရိက္ခာများ ကူညီပို့ဆောင်ပေးလျက်ရှိသည်။ တပ်မတော်အနေဖြင့် အရပ်ဘက်ပစ်မှတ်များကို လုံးဝတိုက်ခိုက်ခြင်းမပြုရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် KIO/KIA လက်နက်ကိုင်အဖွဲ့အနေဖြင့်လည်း အများပြည်သူသွားလာနေသည့် ရထားလမ်း၊ ကားလမ်းများကို နှောင့်ယှက်တိုက်ခိုက်နေခြင်းများအား ရပ်ဆိုင်းရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ လက်နက်ကိုင်တိုက်ခိုက်မှုများ အရှိန်လျော့ကျလာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး အကူအညီများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ခိုင်မာသည့် နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ KIO/KIA နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ နောင်တွေ့ဆုံဆွေးနွေးမှုများတွင် KIO/KIA လက်နက်ကိုင်အဖွဲ့မှ တပ်ပိုင်းဆိုင်ရာများကို အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များက တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် လိုအပ်သည်။

၈။ နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် KIO/KIA အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

မြစ်ကြီးနား-မန္တလေးရထားတစ်စင်းအား ကေအိုင်အေအဖွဲ့က မိုင်းခွဲခဲ့သဖြင့် ရထားတွဲအချို့ လမ်းချော်တိမ်းစောင်းခဲ့ရသည်ကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ (BCIM)လေးနိုင်ငံကားမောင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒက္ကာမြို့၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကျင်းပမည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာလေးနိုင်ငံ ပူးတွဲကျင်းပမည့် ဖိုရမ် (BCIM Forum) ကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစေရန် ရည်ရွယ်သည့် BCIM လေးနိုင်ငံ ကားမောင်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကားမောင်းပြိုင်ပွဲသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ ကာလကတ္တားမြို့မှ စတင်ထွက်ခွာ၍ တရုတ်နိုင်ငံ ကူမင်းမြို့၌ ပန်းဝင်မည်ဖြစ်သည်။

ကားမောင်းပြိုင်ပွဲ ဖြတ်သန်းမောင်းနှင်မည့် လေးနိုင်ငံ၏ စုစုပေါင်းလမ်းအရှည်သည် ကီလိုမီတာ ၂၈၂၀ခန့်ရှိသည်။ မြန်မာနိုင်ငံအတွင်း ၉၆၄ ကီလို မီတာခန့် မောင်းနှင်မည်ဖြစ်ပြီး တမူးကို ဖြတ်၍ ကလေးဝ၊ ယာကြီး၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုးနှင့် မူဆယ်လမ်းကြောင်း အတိုင်း ဖြတ်သန်းမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါ ကားမောင်းပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ပြိုင်ပွဲဝင်ကား ၁၀ စီးနှင့် အိန္ဒိယနိုင်ငံမှ ပြိုင်ပွဲဝင်ကား ၁၀ စီးပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အနုပညာရှင်များဖြစ်သည့် အေးမြတ်သူ၊ ထက်ထက်ဆုလှိုင်၊ ကောင်းခန့်(ခ)ကောင်းခန့်ဇော်နှင့် ပိုင်ဇေရဲထွန်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှု အရေးယူရန် ကုလသမဂ္ဂသို့ ဂျပန်ဆော်ဩ

ဆိုးလ် ဇန်နဝါရီ ၁၈

တာဝေးပစ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအတွက် မြောက်ကိုရီးယားနိုင်ငံကို သင့်တော်သောအရေးယူပြစ်ဒဏ်ချမှတ်မှုဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဂျပန်နိုင်ငံက တိုက်တွန်းထားကြောင်း ဇန်နဝါရီ ၁၇ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မြောက်ကိုရီးယား၏ တာဝေးဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအတွက် သင့်လျော်သလို အရေးယူမှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းကိုယ်စား ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် မိမိတို့သဘောတူညီမှုရရှိထားကြောင်း ဂျပန်နျူကလီးယားထိပ်တန်းသံတမန် ရှင်ဆူကီဆူဂီရာမာက ဆိုးလ်မြို့တွင် တောင်ကိုရီးယားနျူကလီးယားထိပ်တန်းအရာရှိ လင်မ်ဆ်နမ်နှင့် ဇန်နဝါရီ ၁၇ ရက်က တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အနေးနှင့်အမြန်ဆိုသလို သင့်တော်သည့်တုံ့ပြန်မှုကို ဆောင်ရွက်လိမ့်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း ၎င်းသံတမန်က ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ တာဝေးပစ်ဒုံးကျည်ကို မြောက်ပြုံယမ်းပြည်နယ်အတွင်းရှိ ဆိုဟဲးဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဂြိုဟ်ပတ်လမ်းအတွင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြုံယမ်းက ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်းတို့၏အာကာသရေးရာအစီအစဉ်၊ ဒုံးကျည်ပစ်လွှတ်မှုနှင့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဂြိုဟ်တုများလွှတ်တင်မှုကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် - စုစည်းသည်

ဂြိုဟ်များအကြား ကူးလူးပျံသန်းမည့် အာကာသယာဉ် အမေရိကန်နှင့် ဥရောပတို့ ပူးတွဲတည်ဆောက်နေ

ဝါရှင်တန် ဇန်နဝါရီ ၁၈

အာကာသအတွင်း ဂြိုဟ်တစ်ဂြိုဟ်ပြီး နောက်တစ်ဂြိုဟ်သို့ ပျံသန်းနိုင်မည့် လူလိုက်ပါမည့်ယာဉ်လွှတ်တင်ရေး အမေရိကန်၏ အနာဂတ်အာကာသအစီအစဉ်တွင် ဥရောပက ပူးတွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

လ၊ ဂြိုဟ်သိမ် ဂြိုဟ်မွှားများနှင့် အင်္ဂါဂြိုဟ်တို့ဆီ ကူးလူးပျံသန်းမည့် လူလိုက်ပါနိုင်သော Orion အာကာသယာဉ်ကိုအမေရိကန်တို့က တည်ဆောက်နေခြင်းဖြစ်သည်။ သို့သော် Orion ယာဉ်သည် အာကာသအတွင်း ဖြတ်သန်းမောင်းနှင်နိုင်ရေးတွင် နည်းပညာပိုင်း လိုအပ်နေဆဲဖြစ်သည်။ ယခု ဥရောပက ထိုနည်းပညာကို ပံ့ပိုးရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ အာကာသအေဂျင်စီ အမှုဆောင်အဖွဲ့ဝင်များက သဘောတူညီမှုထမြောက်ရေး လက်မှတ်ရေးထိုးပြီးလည်းဖြစ်သည်။

Orion အာကာသယာဉ်စီမံကိန်း၏ ဦးဆုံးစမ်းသပ်ပျံသန်းမှုကို လူလိုက်ပါခြင်းမရှိဘဲ စတင်မည်ဖြစ်သည်။ လကို ပတ်၍ပျံသန်းစေပြီးနောက် ကမ္ဘာသို့ အပြန်ခရီးတွင် သမုဒ္ဒရာအတွင်းသို့ ဆင်းသက်မည်ဖြစ်သည်။ အဆိုပါ Orion အာကာသယာဉ်ကို အမေရိကန်နှင့် ဥရောပတို့ ပူးပေါင်းတည်ဆောက်နေပြီး ၂၀၁၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်မည်

ကနဦးပျံသန်းမှုအလုံးစုံ အောင်မြင်ခဲ့ပါက လူလိုက်ပါမည့် Orion ယာဉ်ကို ၂၀၂၁ ခုနှစ်ဝန်းကျင်တွင် လွှတ်တင်မည်ဖြစ်သည်။ အဆိုပါ အာကာသခရီးစဉ်သည် ၁၉၆၈ ခုနှစ်က Apollo-8 အာကာသမစ်ရှင်၏ အောင်မြင်ကျော်ကြားမှုကို ပွဲတင်ထပ်နိုင်မည့် ခရီးစဉ်ဖြစ်လာနိုင်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

ထိုင်းနှင့် ဂျပန်တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီ

ဗန်ကောက် ဇန်နဝါရီ ၁၈

ထိုင်းနှင့် ဂျပန်နှစ်နိုင်ငံတို့သည် ထိုင်းနိုင်ငံ၏အဓိကအခြေခံကျသည့် အထူးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ကို ဖော်ဆောင်သည့်အနေဖြင့် စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတောင့်တင်းခိုင်မာအောင် မြှင့်တင်ရန် ဇန်နဝါရီ ၁၇ ရက်က သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဂျပန်-ထိုင်း စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (ဂျေတီအီးပီအေ)၏ မူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာတို့ နှစ်ဦးနှစ်ဖက် ဆွေးနွေးခဲ့ကြပြီးနောက် သတင်းထုတ်ပြန်မှုတစ်ရပ်တွင် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်းရှိ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက ၈၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ယင်းတိုးတက်မှုသည် ထိုင်းနိုင်ငံအတွင်း ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ ယုံကြည်စိတ်ချမှုကို ထင်ဟပ်စေခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ဝန်ကြီးချုပ် အကျင့်ပျက်ခြစားမှုကြားနာရေး ပါကစ္စတန်တရားရုံးချုပ်က ခြောက်ရက်ရွှေ့ဆိုင်း

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ ဗဟိုတရားရုံးချုပ်က ဖမ်းဆီးရန် အမိန့်ထုတ်ပြန်သော တာဝန်ထမ်းဆောင်ဆဲ ဝန်ကြီးချုပ် ရာဂျာပါဗက်ဇ်အက်ရှ်ရတ်ဖ်ကို အကျင့်ပျက်ခြစားမှုကိစ္စနှင့် ပတ်သက်ပြီး ရုံးတွင် ကြားနာစစ်ဆေးမှုအား ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ခြောက်ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ရာဂျာပါ ဗက်ဇ်အက်ရှ် ရတ်ဖ်။

ဝန်ကြီးချုပ် အက်ရှ်ရတ်ဖ်သည် လက်ရှိအစိုးရအဖွဲ့တွင် ရေအရင်းအမြစ်နှင့် လျှပ်စစ်ဓာတ်အားဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ထိုစဉ်က ဓာတ်အားငှားရမ်းခြင်းစီမံကိန်းများ (အာရ်ပီပီ) ကို လုပ်ငန်းရှင်များက ဝယ်ယူရာတွင် လာဘ်စားမှုများဖြင့် စွပ်စွဲထားသည့် ၎င်းနှင့် အခြားလူ ၁၅ ဦးကို ၂၄ နာရီအတွင်း ဖမ်းဆီးရန် ဗဟိုတရားရုံးချုပ်က ပါကစ္စတန်နိုင်ငံ၏ လာဘ်စားမှုတိုက်ဖျက်ရေးအဖွဲ့သို့ ဇန်နဝါရီ ၁၅ ရက်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

တရားသူကြီးချုပ် အစ်ဖ်တီခါမိုဟာမက်ချော့ဒ်ဟာရီ ဦးဆောင်ပါဝင်သည့် အဖွဲ့ဝင်သုံးဦးပါ တရားရုံးချုပ်က ဝန်ကြီးချုပ်အား ဖမ်းဆီးရန်နှင့် ဇန်နဝါရီ ၁၇ ရက်တွင် အစီရင်ခံစာတစ်ရပ်တင်ပြရန် အမျိုးသားတာဝန်ခံ ဗျူရို(အင်န်အေဘီ) အဖွဲ့ကို အမိန့်ထုတ်ခဲ့သည်။

သို့သော်လည်း အင်န်အေဘီအဖွဲ့က ယင်းအကျင့်ပျက်ခြစားမှုကိစ္စနှင့် ပတ်သက်ပြီး ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုမှာ အားနည်းချက်ရှိခဲ့ပြီး ဖမ်းဆီးရန် သက်သေအထောက်အထားလုံလောက်မှုမရှိခြင်းကြောင်း မေတ္တာရပ်ခံပြီး ဝန်ကြီးချုပ်ကို ဖမ်းဆီးမှုရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။

အင်န်အေဘီအဖွဲ့အနေဖြင့် နှစ်ကြိမ်စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ဝန်ကြီးချုပ်အက်ရှ်ရတ်ဖ်အား ဖမ်းဆီးရန် တရားရုံးချုပ်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း၊ သို့သော်လည်း ယင်းအာရ်ပီပီလာဘ်စားမှုကိစ္စအတွက် အချက်အလက်များ မပြည့်စုံသေးကြောင်း ဇန်နဝါရီ ၁၇ ရက်က ကြားနာစစ်ဆေးမှု ပြုလုပ်စဉ်အတွင်း အင်န်အေဘီဗျူရိုအဖွဲ့ခေါင်းဆောင် ဖာဆစ်ချ်ဘူခါရီက တရားရုံးချုပ်သို့ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

မွန်ဂိုလီးယား၌ ဒိုင်နိုဆောရပ်ကြွင်းပြတိုက် တည်ဆောက်မည်

အူလန်ဘာတော ဇန်နဝါရီ ၁၈

မွန်ဂိုလီးယားနိုင်ငံအစိုးရက ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုတိုးမြင့်လာစေရေးရည်ရွယ်၍ ယခုနှစ်ပထမနှစ်ဝက်အတွင်း ဒိုင်နိုဆောရပ်ကြွင်းပြတိုက်ကြီးတစ်ခုအား တည်ဆောက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါ ပြတိုက်တည်ဆောက်မှုအစီအစဉ်သည် နိုင်ငံ၏ ဒိုင်နိုဆောရပ်ကြွင်းရင်းမြစ်ကြွယ်ဝမှုကို ကာကွယ်ထိန်းသိမ်းကာ အကျိုးရှိရှိ အသုံးချရေးကို ရည်ရွယ်သည်ဟု ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီး တာဆီဒီဗာဒမ်မာက ပြောကြားသွားခဲ့သည်။

လက်ရှိတွင် ဒိုင်နိုဆောရပ်ကြွင်း ၂၀၀ ကျော်ကို သိပ္ပံအကယ်ဒမီကျောင်းတစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်း ဗဟိုဌာနနှင့် အမျိုးသားသမိုင်းပြတိုက်တို့တွင် သိမ်းဆည်းထားရှိသည်။ ဥရောပနှင့် အာရှနိုင်ငံများသို့ မှောင်ခိုထုတ်ရောင်းချခံထားရသော ဒိုင်နိုဆောရပ်ကြွင်း ၁၂၀ ကိုလည်း မွန်ဂိုလီးယားသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ရောက်ရှိနေသော ဒိုင်နိုဆောရပ်ကြွင်းကိုလည်း ပြန်လည်သယ်ယူပြီးပြတိုက်တွင် ခင်းကျင်းပြသထားမည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အယ်လ်ဂျီးရီးယားသူပုန်များ နိုင်ငံခြားသား ၂၀ ခန့်အား ပြန်ပေးဆွဲ

အယ်လ်ဂျီးယာ့စ် ဇန်နဝါရီ ၁၈

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း အမီနတ်စ်ဒေသ၌ ဇန်နဝါရီ ၁၆ ရက်က အယ်လ်ဂျီးရီးယားတပ်ဖွဲ့ဝင်များနှင့် အစ္စလမ်စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားပြီး နိုင်ငံခြားသား ၂၀ ခန့်ကို စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြန်ပေးဆွဲ

ပြန်ပေးသမားများသည် ဇန်နဝါရီ ၁၆ ရက်က အမီနတ်စ်ဒေသရှိ ဓာတ်ငွေ့စက်ရုံကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး နိုင်ငံခြားသား အလုပ်သမားများကို ပြန်ပေးဆွဲသွားခဲ့သည်။

ပြန်ပေးဆွဲခံရသော နိုင်ငံခြားသားများတွင် ဗြိတိန်၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်နှင့် နော်ဝေနိုင်ငံသားများ ပါဝင်သည်။ **(ဘီဘီစီ)**



အမြန်အလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်

၁။ အရောင်းမန်နေဂျာ မ (၁၅) ဦး
၂။ အရောင်းတာဝန်ခံ မ (၂၀) ဦး
၃။ စာရင်းကိုင် မ (၅) ဦး

အမှတ်စဉ် (၁) အတွက် Marketing အတွေ့အကြုံ အနည်းဆုံး (၅)နှစ် ရှိရမည်။ Marketing ဘွဲ့ရဖြစ်ရမည်။ Leadership အဖြစ် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၂) အတွက် Marketing အတွေ့အကြုံ (၃)နှစ် ရှိရမည်။ ဘွဲ့ရဖြစ်ရမည်။

(၃) အတွက် B.Com ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ် ရှိရမည်။ Account Department အတွက် ကိစ္စအဝဝအား တာဝန်ယူနိုင်သူဖြစ်ရမည်။ MYOB Software အသုံးပြုနိုင်သူ ဦးစားပေးမည်။

လျှောက်လွှာလက်ခံမည့်နေရာ။ ။ချမ်းမြေ့သာကုမ္ပဏီလီမိတက် အမှတ် (၉၇/ဘီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

လျှောက်လွှာလက်ခံချိန် ။ ။နံနက် ၇း၃၀နာရီမှ ၁၀း၃၀နာရီအထိ

မှတ်ချက်။ ။လျှောက်ထားသူသည် ကြော်ငြာသည့်ရက်မှစ၍ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာရေးမှတ်တမ်း၊ အလုပ်သမားမှတ်ပုံတင်၊ ဓာတ်ပုံ (၂) ပုံနှင့်အတူ လူကိုယ်တိုင်တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း KIO/KIA နှင့် ဖြစ်ပွားနေသော တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရေး တိုက်တွန်းချက် ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း KIO/KIA နှင့် ဖြစ်ပွားနေသော တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံး စတင်ဆောင်ရွက်ကြရေး တိုက်တွန်းချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါတိုက်တွန်းချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်သူ့လွှတ်တော်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော KIO/KIA နှင့်အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ဆောင်ရွက်ကြရေး တိုက်တွန်းချက်

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယ မြောက်နေ့(၁၈-၁-၂၀၁၃)တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ အရေးကြီး အဆို တစ်ရပ် တင်ပြခဲ့ပါသည်။

၂။ ယင်းအဆိုမှာ **"ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/ KIA နှင့် အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံး စတင်ဆောင်ရွက်ကြရန် ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းကို လွှတ်တော်မှအတည်ပြုရေး အရေးကြီးအဆို"** ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးမှ သဘောမတူသူမရှိဘဲ ထောက်ခံအတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိ သော KIO/ KIA နှင့် အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအား ချက်ချင်းရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ဆုံး စတင်ဆောင်ရွက်ကြပါရန် ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေးကိစ္စရပ်များ၊ နည်းပညာအကူအညီပေးရေးနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ILO မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Gerg Vines ဦးဆောင်သည့် ILO High Level Mission ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းမှုနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုရေးအကာအကွယ်ပေးမှု၊ အလုပ်သမားရေးရာ ဥပဒေများ ရေးဆွဲရေးတွင် ကူညီပံ့ပိုးရေး၊ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေးကိစ္စရပ်များ၊ နည်းပညာအကူအညီပေးရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့တက်ရောက်ဆွေးနွေးရန် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ပထမအကြိမ်မြောက် ကျင်းပသည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စီးပွားရေးဝန်ကြီးများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စီးပွားရေးအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာတစ်ဝန်းလုံးမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို စာတမ်းဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဖိုရမ်သို့ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် ပြင်သစ်၊ဆွီဒင်၊ ဖင်လန်၊ ကိုရီးယား၊ နယ်သာလန်၊ အစ္စရေးလ်၊ အီတလီ၊ ယူကေ၊ အီးယူ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ လူဇင်ဘတ်၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ နော်ဝေး၊ တရုတ်၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ဘရူနိုင်း၊ စင်ကာပူနိုင်ငံများနှင့် FAO၊ ယူနက်စကို၊ UNDP၊ ယူအန်အိုဒီစီ၊ယူနီဒို၊ယူနီဆက်၊ UN Women, UNFPA,Un Habitat, IOM, UNOPS, UNHCR, ILO,WEP, UNAIDS, IMF,JICA,World Bank စသည့် အဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ယမန်နေ့မွန်းလွဲပိုင်းနှင့် ယနေ့တွင်နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။ အဆိုပါ ကိုယ်စားလှယ်များအား ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Kang Chang-hee နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Kang Chang-hee နှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်သည်။

H.E.Mr.Kang Chang-hee ၏ ကိုယ်ရေးအချက်အလက်အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

H.E.Mr.Kang Chang-hee ကို ၁၉၄၆ခုနှစ် ဩဂုတ်လတွင် မွေးဖွားသည်။ ၁၉၆၉ခုနှစ်တွင် ကိုရီးယားစစ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် Kyungnan တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် ၎င်းတက္ကသိုလ်မှပင် နိုင်ငံရေးဘာသာရပ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို လည်းကောင်းရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ (၁၉)ကြိမ်မြောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ဥက္ကဋ္ဌ မစ္စတာ ကန်ချန်ဟီး **(ယာပုံ)**သည် ၁၉၇၉ ခုနှစ်တွင် ကိုရီးယားစစ်ဦးစီးတက္ကသိုလ်တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၃ ခုနှစ်တွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးချုပ်၏ ဦးစီးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အမျိုးသားလွှတ်တော် သိပ္ပံနည်းပညာ၊ သတင်းနှင့်ဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် Grand National Party Supreme Council ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Kyungnan တက္ကသိုလ်၏ ပါမောက္ခအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် Presidential Committee on Green Growth အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရပါသည်။

မစ္စတာကန်ချန်ဟီးသည် ကိုရီးယား သမ္မတနိုင်ငံ၏ (၁၁)(၁၂)(၁၄)(၁၅) (၁၆)နှင့် (၁၉) ကြိမ်မြောက် အမျိုးသားလွှတ်တော်များသို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ၎င်း၏ဇနီး Madem Lee Jae-sook လည်းလိုက်ပါလာမည်ဖြစ်ပါသည်။

(၅၉)ကြိမ်မြောက် ဆရာဝန်ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၉)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၃ရက်မှ ၂၇ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ Strand Hotel ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့်သူများသည် ဇန်နဝါရီ ၂၀ ရက်မှစတင်၍ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ အထိ Strand Hotel ၌ မှတ်ပုံတင်စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်



Au, Ag, Pt, Os, Ir, Ru, Rh,Pd, Sn နှင့် ပတ်သက်တဲ့
အသုံးအဆောင် ပစ္စည်းဟောင်းများ၊ စွန့်ပစ်ပစ္စည်းများ၊
ကုန်ကြမ်းပစ္စည်းဟောင်းများ ဝယ်လိုပါသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၈၆၃၂၃၀၀

ပြည်တွင်းသတင်း

ဖားကန့်မြို့အထွက်၌ မိုင်းဟုယူဆရသော အထုပ်နှစ်ထုပ် တွေ့ရှိ ဗန်းမော်မြို့၌ မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦးနှင့်ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၄ ရက်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်း မိုင်တိုင်(၃၈)အနီး၌ မြစ်ကြီးနားမြို့မှ သားငါးကုန်စိမ်းသယ်ပို့ရောင်းချသူ ဦးမောင်မောင်၏ ဆိုင်ကယ်အား လက်နက်ကိုင်တစ်ဦးက တားဆီးကာ ငွေကျပ်ရှစ်သောင်း အဓမ္မတောင်းယူခဲ့သည်။

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ဖားကန့်မြို့အထွက် ပန်းတင်တံတားလမ်းဆုံ၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ တံတားထိပ်ကားလမ်းဘေး ပန်းချုံအတွင်းမှ မိုင်းဟုယူဆရသော အထုပ်နှစ်ထုပ် တွေ့ရှိရသဖြင့် လုံခြုံရေးတာဝန်ရှိသူများက အချိန်မီ ဖောက်ခွဲရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းက ဗန်းမော်မြို့နယ် ၃ မိုင် ရွှေပြည်သာကျေးရွာအနီး စက်မှုလက်မှုအထက်တန်းကျောင်းရှေ့ရှိ ဗန်းမော်-မိုးမောက် ကားလမ်း၌ KIA အဖွဲ့က ထောင်ထားသော မိုင်းနှစ်လုံး ဆက်တိုက်ပေါက်ကွဲခဲ့မှုကြောင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူ ဦးသန်းစိုး၏ ဝဲတံတောင်ဆစ်မိုင်းစ စူးဝင်ဒဏ်ရာ နှစ်ချက်၊ ဆိုင်ကယ်မောင်းနှင်လာသည့် ဗန်းမော်မြို့နယ် စိုက်ပျိုးရေးဘဏ်မှ ဦးကျော်ကျော်ဟန်၏ ဦးခေါင်းနောက်စေ့မိုင်းစရှပ်ထိဒဏ်ရာ တစ်ချက်နှင့် ယာလက်မောင်း မိုင်းစရှပ်ထိဒဏ်ရာ တစ်ချက်၊ ဦးမရမ်အားနန်၏ ဝဲခြေသလုံး မိုင်းစ စူးဝင်ဒဏ်ရာ တစ်ချက် ရရှိခဲ့ပြီး ဗန်းမော်မှ ၃ မိုင်သို့ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုး နှစ်ချောင်း ပြတ်တောက်ခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ဗန်းမော်ဆေးရုံကြီး၌ ဆေးကုသပေးလျက်ရှိကြောင်း ကချင်ပြည်နယ် အစိုးရထံမှ သိရှိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်များ ယခင်စနစ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၈

ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်နေသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအတွက် အထောက်အထားများ ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပိတ်သိမ်းရန် ထိုင်းနိုင်ငံက ဆုံးဖြတ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ နိုင်ငံတော်သမ္မတကြီး၏ တောင်းဆိုချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ဆောင်ရွက်ပေးလျက်ရှိသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ရပ်ဆိုင်းခြင်းမပြုဘဲ အချိန်ကာလ သုံးလ ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးရန် သဘောတူညီမှု ရရှိခဲ့သည်။ ယင်းသဘောတူညီမှုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီ ၁၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာအလုပ်သမားများအား မြန်မြန်ဆန်ဆန်နှင့် အရေအတွက်များများ အထောက်အထားများ ထုတ်ပေးနိုင်ရေးအတွက် စခန်းဖွင့်လှစ်မည့်နေရာများ ရွေးချယ်ခြင်းကိစ္စနှင့် စခန်းအရေအတွက် တိုးချဲ့ဖွင့်လှစ်ရန် ကိစ္စတို့အပြင် အထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ တောင်းဆိုခဲ့မှုအပေါ် ထိုင်းနိုင်ငံမှ တုံ့ပြန်သည့်အနေဖြင့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း ယခင် ငါးခုအစား ယခုအခါ ၁၀ ခုအထိ ဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းစဉ်များကိုလည်း ၂၀၁၃ ခုနှစ် မတ်လမတိုင်မီ စတင်ဆောင်ရွက်နိုင်ရန် သဘောတူညီခဲ့သည်။

ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအနေဖြင့် ထိုင်း-မြန်မာ နယ်စပ်စခန်းများရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းများသို့ ပြန်လာရန်မလိုအပ်ဘဲ ယာယီမြန်မာနိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များကို ထိုင်းနိုင်ငံအတွင်းရှိ ၎င်းတို့နှင့်နီးစပ်ရာ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းများတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်အကိုင်မပျက် အထောက်အထား ပြုလုပ်နိုင်ခြင်း၊ နယ်စပ်စခန်းများသို့ ပြန်သွားရပါက တွေ့ကြုံရနိုင်သည့် လမ်းခရီးအန္တရာယ်များမှ ကင်းဝေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KIA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူ ၅၇ ဦးအနက် ခြောက်ဦး ထွက်ပြေး လွတ်မြောက်

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၆ ရက်က မြစ်ကြီးနားမြို့နယ် အူဗျစ်ကျေးရွာရှိ ရွာသူရွာသား ၄၅ ဦး ဖမ်းဆီးခံခဲ့ရမှုဖြစ်စဉ်နှင့် ပတ်သက်၍ ထပ်မံစုံစမ်းရရှိမှုအရ အဆိုပါ ဖမ်းဆီးခံရမှုတွင် အူဗျစ်ကျေးရွာမှ ၁၂ နှစ်အရွယ်ကလေးတစ်ဦးနှင့် လမုန်ဇွတ်ရွာမှ တောင်သူတစ်ဦးတို့လည်း ပါဝင်သဖြင့် KIA အဖွဲ့က ဖမ်းဆီးသွားသူမှာ စုစုပေါင်း ၄၇ ဦးဖြစ်ကြောင်း၊ ၎င်းတို့အနက် အူဗျစ်ကျေးရွာမှ သုံးဦးနှင့် အာလမ်ကျေးရွာမှ နှစ်ဦး စုစုပေါင်း ငါးဦးတို့သည် ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ အူဗျစ်ကျေးရွာမှ တစ်ဦးသည် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း ထွက်ပြေးလွတ်မြောက်၍ အာလမ်ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း ကချင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်သည် ဇန်နဝါရီ ၁၆ ရက်တွင် ကော်မတီအစည်းအဝေးခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးစည်ပင်ဧရိယာ၌ တည်ဆောက်လျက်ရှိသည့် ဇောင်ကလောရေဆိုး သန့်စင်စက်ရုံနှင့် ရေခဲရေထိန်းတံခါးတို့သို့ သွားရောက်လေ့လာသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာစစ်တုရင် ပဏာမလက်ရွေးစင်ရွေးချယ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ အရေအတွက် တိုးမြှင့်ထည့်သွင်းကျင်းပရန်ရှိ၍ လက်ရှိ မြန်မာ့လက်ရွေးစင် အားကစားသမားများအပြင် ထပ်မံ၍ ပဏာမလက်ရွေးစင် ရွေးချယ်နိုင်ရေးအတွက် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ၁၇ ရက် မွန်းလွဲပိုင်း၌ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပွဲဦးထွက်တွင် ၂၅ မိနစ် အမြန်ရွှေ့ ပြိုင်ပွဲကို ကျင်းပရာ မြန်မာ့ရိုးရာစစ်တုရင် အားကစားသမား ၁၈ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲ၏ ပုံမှန် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ၊ ၁၀ မိနစ်လျှပ်တစ်ပြက် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲများကိုလည်း ဇန်နဝါရီ ၂၆ ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုတင့်)**

ZAYKABAR MYANMAR OPEN 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၈

Asian Tour နှင့် မြန်မာပီဂျီအေတို့ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် Zaykabar Co.,Ltd က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် Alpine က ထပ်မံကူညီပံ့ပိုးသည့် ZAYKABAR MYANMAR OPEN 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကရဝိက်နန်းတော် ဥတ္တရခန်းမ (Karawaik Place,Ottara Hall)၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်းနှင့် ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Asian Tour မှ Executive Chairman ဦးကြည်လှဟန်က Asian Tour 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်ဖြင့် ZAYKABAR MYANMAR OPEN ဂေါက်သီးရိုက်ပြိုင်ပွဲ၌ နိုင်ငံတကာမှ Asian Tour ဂေါက်သီးရိုက် အားကစားသမားများ စိတ်ဝင်စားပြီး ပါဝင်ယှဉ်ပြိုင်မည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး Royal Mingalardon Golf &Country Club မှ General Manager ဦးသိန်းအောင် Asian Tour ၏ပွဲဦးထွက် ဂေါက်သီးရိုက်ပြိုင်ပွဲအဖြစ် ZAYKABAR MYANMAR OPEN 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို Title Sponsor အဖြစ်လည်းကောင်း၊ အဆင့်မြင့် Royal Mingalardon Golf &Country Club က ကျင်းပခွင့်ရရှိ၍လည်းကောင်း စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်က အမှာစကားပြောကြားပြီး မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားကာ စာနယ်ဇင်းများမှ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါပြိုင်ပွဲ၏ စုစုပေါင်းဆုကြေးငွေမှာအမေရိကန်ဒေါ်လာ သုံးသိန်း ဖြစ်ပြီး ပထမရရှိသူအား အမေရိကန်ဒေါ်လာ ၅၄၀၀၀၊ ဒုတိယ ရရှိသူအား အမေရိကန်ဒေါ်လာ ၃၃၀၀၀၊ တတိယရရှိသူအား အမေရိကန်ဒေါ်လာ ၁၈၉၀၀ ချီးမြှင့်မည်ဖြစ်ပြီး၊ အဆင့် (၆၅)ရရှိသူအား အမေရိကန်ဒေါ်လာ ၈၁၀ ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံတကာမှ ဂေါက်သီး အကျော်အမော် ၁၃၀ ဦး၊ ပြည်တွင်းမှ Professional Golfers ၂၀ နှင့် မြန်မာလက်ရွေးစင်လေးဦးတို့ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို Co-Sponsor များဖြစ်ကြသော(AMC,Srixon, Tiger Golf, 100Plus, INETOL) Media Partner အဖြစ် 5 NETWORK နှင့် Royal Mingalardon Glof & Country Club တို့က ထပ်မံ၍ ကူညီပံ့ပိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုအောင်)**

လွှတ်တော်ရေးရာကဏ္ဍ

❒ ပြည်သူ့လွှတ်တော်မှ

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းပေးပြီးဖြစ်သဖြင့် ဝန်ကြီးဌာနတွင် ကမ်းရိုးတန်းသွားသင်္ဘောများ မရှိတော့ပါကြောင်း၊ သို့ဖြစ်၍ ကိုကိုးကျွန်း-ရန်ကုန်ခရီးစဉ်နှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်အောက်ရှိ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းနှင့် ညှိနှိုင်းစီစဉ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အထူးကိစ္စရပ်များအတွက် ရေကြောင်းဖြင့် ပို့ဆောင်ရန်လိုအပ်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်မြို့၏ အနောက်တောင်ဘက် မိုင်(၂၇၀)ခန့်ကွာဝေးသည့် ပင်လယ်ပြင်တွင် တည်ရှိသော ကျွန်းမြို့နယ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်တွင် ဌာနဆိုင်ရာ(၁၆)ခုမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျွန်းမြို့နယ်မိသားစု စုစုပေါင်း (၁၀၇၃) ဦး နေထိုင်လျက်ရှိကြောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ မြန်မာ့ကြယ်ငါးပွင့်ပိုင် ကမ်းရိုးတန်းသင်္ဘောများဖြစ်သော မြစ်ကြီးနား၊ ဟားခါး၊ တောင်ကြီး သင်္ဘောခရီးစဉ်များဖြင့် ပွင့်လင်းရာသီတွင် တစ်လလျှင် တစ်ခေါက် ပြေးဆွဲပေးခဲ့သဖြင့် ခရီးသွားလာရေး အဆင်ပြေချောမွေ့ခဲ့ကြောင်း၊ ယခုအခါ တပ်မတော်(ရေ)မှ ရေယာဉ်ကြုံများဖြင့်သာ အလျဉ်းသင့်သလို လိုက်ပါနေရကြောင်း သိရသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု က **ကွန်ဟိန်းမြို့နယ်တွင် နိုင်ငံတော်ပိုင်မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံး အဆောက်အအုံဆောက်လုပ်ရန် အစီအစဉ် ရှိ/ မရှိသိရှိလိုကြောင်း** မေးမြန်းရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်နိုင်ရေး မြေနေရာရရှိထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံထားပြီး ရန်ပုံငွေအတည်ပြုခွဲဝေရရှိပြီးပါက ငွေတိုက်ခွဲ အဆောက်အအုံသစ်ကို ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဖြေကြားချက်အပေါ် မေးခွန်းရှင် ဒေါ်နန်းဝါနုက "ကျွန်မအတွက်တော့ တကယ် သဘောကျစရာကောင်းတယ်၊ ဒီကိစ္စက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနဲ့ ငွေတိုက်ကို အတူတူတွဲထားတာ ကြာလှပြီ၊ မလိုလားအပ်တဲ့ပြဿနာတွေလည်း ဖြစ်ခဲ့တဲ့အတွက် ပြစ်ဒဏ်ပေးလိုက်ရတာမျိုးတွေရှိခဲ့ပါတယ်။ ကျွန်မတို့အတွက် အလျင်အမြန်ပြုလုပ်ပေးမယ်လို့ ပြောတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်" ဟု ပြောပြခဲ့သည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က **မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းတွင် တစ်ဖက် (၃)ပေ အကျယ် အမာခံလမ်းပခုံးတိုးချဲ့ပေးရန်နှင့် ခိုနားလီတံတားနှင့် နမ္မဘေလီတံတားတို့အား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန် ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို သိရှိလိုကြောင်း** မေးမြန်းရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဦးစိုင်းသီဟကျော် မေးမြန်းထားသည့် လမ်းပိုင်း၏ မိုင်တိုင်(၂၃/၂)မှ (၃၀/၂)ထိ (၇)မိုင်နှင့် မိုင်တိုင် (၄၂/၀) မှ (၄၇/၀) ထိ (၅)မိုင် စုစုပေါင်း (၁၂)မိုင်အား တစ်ဖက်(၃)ပေအကျယ် အမာခံလမ်းပခုံး တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခိုလီတံတားအား ပေ(၆၀×၂၄)နှင့် နမ္မတံတားအား ပေ(၁၂၀×၂၄) သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးစိုင်းသီဟကျော်က ဖြေကြားချက်နဲ့ပတ်သက်၍ "ဖြေသွားတာကတော့ လုပ်ပေးမယ်ဆိုတဲ့သဘောပဲဖြစ်ပါတယ်၊ ကျွန်တော်ဘတ်ဂျက်ထဲမှာ လေ့လာကြည့်တာကတော့ တံတားနှစ်စင်းတင်ထားတဲ့အထဲမှာ တစ်စင်းကတော့ သိန်း (၁၀၀) ထည့်သွင်းတောင်းဆိုထားတာပဲရှိပြီး နောက်ထပ်တံတားအတွက်တော့ ထည့်သွင်းတောင်းဆိုထားတာရှိပေမယ့် ခွင့်ပြုထားတာမပါဘူး၊ ဒါပေမယ့် ပြင်/ထိန်း ရန်ပုံငွေနဲ့ လုပ်ပေးမယ်ဆိုတဲ့အပိုင်းကိုတော့ နည်းနည်းစောင့်ကြည့်ရမယ်"ဟု ပြောပြခဲ့သည်။

အစီရင်ခံစာများတင်ပြခြင်း ကဏ္ဍတွင် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကော်မတီဥက္ကဋ္ဌဦးဝင်းစိန်က တင်ပြခဲ့သည်။

ယင်းအစီရင်ခံစာနဲ့ ပတ်သက်၍ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်းက "လွှတ်တော်အစည်းအဝေးတွေမှာ ကိုယ်စားလှယ်တွေ မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းတဲ့ အဆိုတွေနဲ့ပတ်သက်ပြီး နောက်တစ်ကြိမ်ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ အစီရင်ခံတင်သွင်းဖို့ ပြဋ္ဌာန်းထားတာရှိပါတယ်၊ ယခုတင်သွင်းတဲ့ အစီရင်ခံစာမှာ ပထမပုံမှန်ကနေပြီးတော့ ပဉ္စမပုံမှန်အစည်းအဝေးအထိ မေးခွန်း၊ အဆိုတွေရဲ့မပြီးမပြတ်သေးတဲ့ လုပ်ငန်းတွေနဲ့ စတုတ္ထနဲ့ ပဉ္စမပုံမှန်အစည်းအဝေးတွေမှာ မေးမြန်းခဲ့တဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုအဆင့်ဌာနတွေရဲ့ ဖြေကြားချက်တွေကို အပိုင်းလေးပိုင်းပြုစုပြီး တင်ပြထားတာဖြစ်ပါတယ်၊ ပြောရရင်တော့ တစ်ဆင့်စုစည်းတင်ပြတာမျိုးပဲဖြစ်ပါတယ်၊ စိစစ်တင်ပြတဲ့ အဆင့်ရောက်အောင် ကြိုးပမ်းသွားသင့်ပါတယ်" ဟု ပြောပြခဲ့သည်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားတင်ပြသည်။

၁၉၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း(၁၁)ခန်း၊ ပုဒ်မပေါင်း (၁၅၃) ခုပါရှိပြီး ယခုလွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းတွင် ပုဒ်မ(၂၁)ခုဖြင့် စကားရပ်များ အစားထိုးပြင်ဆင်ထားသည်ကို တွေ့ရှိရသည်။

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုဆုံးဖြတ်ခဲ့သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ အမျိုးသားလွှတ်တော်မှ

အတွက် စမ်းသပ်အိမ်ရာစီမံကိန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တန်ဖိုးနည်းအိမ်ရာများ အပါအဝင် အိမ်ခန်းယူနစ်ပေါင်း (၁၀၀၀၀) ကျော် ပါဝင်သည့် ဧရာဝဏ် အိမ်ရာစီမံကိန်းနှင့် ရတနာအိမ်ရာစီမံကိန်းတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေခန့်မှန်းကုန်ကျစရိတ် ကျပ် ၂၈၈ ဒသမ ၂၄ ဘီလီယံကို ထည့်သွင်းလျာထား အဆိုပြုထားပါကြောင်း၊ အဆိုပါစီမံကိန်းနှစ်ခုတွင် တန်ဖိုးနည်းအိမ်ရာ ယူနစ် (၃၀၀၀) ကျော် ထည့်သွင်းတည်ဆောက်ရန် လျာထားပါကြောင်း၊ အိမ်ရာများကို ဝင်ငွေနည်း မိသားစုများအား ဝယ်ယူနိုင်ရေးအတွက် ပံ့ပိုးနိုင်မည့် နည်းလမ်းများရှာဖွေပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုးက ဆွေးနွေးပြီး ယင်းဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရေကြီးမှုကာကွယ်တာတမံများ၊ ရေနုတ်မြောင်းများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ပြန်လည်ခေတ်မီပြင်ဆင်ခြင်းစီမံကိန်း (Rehabilitation and Modernization Project of Flood Protection Embankments, Drainages and Ancillary Structures for Ayeyarwady Delta)အား အဆင့်လိုက်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်းက "ဒီအဆိုဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ နေထိုင်ကြတဲ့ တောင်သူလယ်သမားထု တစ်ရပ်လုံးသာမက ပြည်သူနှစ်စဉ်ခံစားနေရတဲ့ ရေကြီးရေလျှံမှုတွေက ကင်းဝေးနိုင်မှာဖြစ်သလို၊ စိုက်ပျိုးရေးကို အဓိကအားထားနေရတဲ့ မြစ်ဝကျွန်းပေါ်ဒေသအတွက် စိုက်ပျိုးရေရရှိဖို့ အဆင်ပြေစေမှာဖြစ်ပါတယ်။ နှစ်စဉ်ခံစားနေရတဲ့ ရေကြီးရေလျှံမှုတွေကြောင့် လယ်မြေပျက်စီးဆုံးရှုံးမှုတွေ အိုးအိမ်ပစ္စည်းတွေ ရေမြုပ်ပျက်စီးပြီး ကယ်ဆယ်ရေးစခန်းတွေမှာ ခိုလှုံခဲ့ရတာတွေ၊ စားဝတ်နေရေးခက်ခဲမှုတွေ၊ ကျန်းမာရေးပြဿနာတွေ၊ ရေပြန်မကျမချင်း ကျောင်းပိတ်ထားရတာတွေ စတဲ့အခက်အခဲတွေကို နိုင်ငံတော်အနေနဲ့ စာနာနားလည်ပြီး ရေရှည်မှာ ဒီအခက်အခဲတွေက ကင်းဝေးအောင်စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး စတုတ္ထနေ့ အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ကော်မတီ(National Energy Management Committee)ကို ဖွဲ့စည်းပြီး အမျိုးသား စွမ်းအင်မူဝါဒကို ရေးဆွဲလျက် ဆက်စပ် ဆောင်ရွက်သွားရမည့် လျှပ်စစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ဇီဝဒြပ်ထုစသည့် စွမ်းအင်ဆိုင်ရာ စီမံကိန်းများကို ဆက်လက်ရေးဆွဲအကောင်အထည်ဖော်သွားရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏ ကြွယ်ဝလှသော စွမ်းအင်အရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲနိုင်၍ စွမ်းအင်ဖူလုံမှု energy security ရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြောင်း။

အထူးသဖြင့် ကျေးလက်ဒေသအထိ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ပိုမိုပေးနိုင်ရေးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်လုံး အရှိန်အဟုန်မြှင့်တင်ခြင်းအတွက်ရော ပြည်သူလူထုအား တိုက်ရိုက်လူမှုရေးအကျိုးရလဒ် direct social benefit ပေးနိုင်မှုအတွက်ပါ ဦးစားပေးလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် မြန်မာ့စွမ်းအင်ကဏ္ဍ၏ ကြီးမားလှသော အလားအလာ potential များကို ပိုမိုထိရောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် မဟာဗျူဟာ ချဉ်းကပ်မှုများ လိုအပ်လျက်ရှိကြောင်း။

စွမ်းအင်ဖူလုံမှု ရရှိရေးအတွက် စွမ်းအင်တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ ထိရောက်အကျိုးရှိစွာ သုံးစွဲရေး (energy efficiency)နှင့် သိုမှီးထိန်းသိမ်းထားနိုင်မှု (conservations) တို့သည်လည်း အဓိကကျကြောင်း၊ energy efficiency အတွက် စံနှုန်းများသတ်မှတ်ပေးထားသည့် ဥပဒေ၊ လုပ်ထုံး လုပ်နည်းမူဘောင်နှင့် ထိန်းကျောင်းတည့်မတ်ပေးနိုင်မည့် ခိုင်မာသည့်အစီအမံ လိုအပ်ကြောင်း။

စိတ်ချရပြီး ရေရှည်တည်တံ့မည့် စွမ်းအင်အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်သည့် အခြေခံအဆောက်အအုံ၊ ဖွဲ့စည်းမှုနှင့် လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်များအားနည်းခြင်း၊ မလုံလောက်ခြင်းသည် ယနေ့စွမ်းအင်ကဏ္ဍ အဓိကရင်ဆိုင်နေရသော ပင်မပြဿနာများဖြစ်ကြောင်း၊ ယင်းပြဿနာများကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအချိုးလျော့ကျခြင်း၊ နည်းပညာဆိုင်ရာဆုံးရှုံးမှုမြင့်မားခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းကြောင့် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားအလုံအလောက်မပေးနိုင်ခြင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အကန့်အသတ်ရှိသည့်အတွက် စွမ်းအင်သဘာဝ အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးမချနိုင်ခြင်း စသည့်စွမ်းအင်ကဏ္ဍသက်ရောက်မှုများဖြစ်လာရကြောင်း၊ ယင်းသက်ရောက်မှုများကို ဖြေရှင်းပေးနိုင်သည့် အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy) တစ်ရပ်ချမှတ်ပေးရန်လိုအပ်ကြောင်း။

မူဝါဒချမှတ်ရာတွင် မိမိနိုင်ငံ၏ လက်ရှိ စွမ်းအင်အခြေအနေကို ဦးစွာသုံးသပ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့သုံးသပ်ရာတွင် ဇီဝဒြပ်ထု၊ လျှပ်စစ်၊ ရေနံ၊ ကျောက်မီးသွေး၊ ပြန်ပြည့်မြဲ စွမ်းအင်စသည့် ကဏ္ဍခွဲအလိုက်အရင်းအမြစ်များရရှိနိုင်မှု၊ ထုတ်လုပ်နိုင်မှု၊ သုံးစွဲနိုင်မှု၊ စွမ်းအင်စီမံခန့်ခွဲမှု၊ စွမ်းအင်ဈေးနှုန်းများ၊ ဖွဲ့စည်းမှုနှင့် ဥပဒေမူဘောင်၊ စွမ်းအင်ကဏ္ဍခွဲများအလိုက် ပြဋ္ဌာန်းထားသော ဥပဒေများ၊ အိမ်သုံးစွမ်းအင်သုံးစွဲနိုင်မှုစသည်ဖြင့် ပြည့်စုံကျယ်ပြန့်စွာ သုံးသပ်ရန်လိုကြောင်း။

မူဝါဒချမှတ်ရသည့် အကျိုးအကြောင်းဆင်ခြင်မှု(Rationale) ကို လက်ရှိမူဝါဒများသုံးသပ်ပြင်ဆင်ခြင်း၊ မေခရိုစီးပွားရေးမူဝါဒများနှင့် ကိုက်ညီစေခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အံဝင်ခွင်ကျစေခြင်း၊ ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ (MDG) ကို မျက်ခြည်မပြတ်ခြင်း၊ ရေရှည်မျှော်မှန်းချက်အမြင် (Vision) ချမှတ်ခြင်းတို့ဖြင့် ဖော်ပြသွားရန်လို ကြောင်း။

ရေရှည်မျှော်မှန်းချက်အမြင်အနေဖြင့် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေးမြင့်မားရေးအတွက် စိတ်ချယုံကြည်ရပြီး ရေရှည်တည်တံ့သည့်ခေတ်မီစွမ်းအင်ဝန်ဆောင်မှုများပေးနိုင်ရန် အခြေခံထားသင့်ကြောင်း၊ လမ်းညွှန်ဥပဒေများ (Guiding Principles) အနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်တော်သည့် စွမ်းအင်နည်းပညာနှင့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လိုအပ်မှု တွက်ချက်ခြင်းနှင့် ထုတ်လုပ်ဖြည့်ဆည်းမှုနည်းလမ်းများ ရွေးချယ်ခြင်း၊ စွမ်းအင် အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ခြင်း၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု အဆင့်ဆင့်တွင် စွမ်းအင်ထိရောက် အကျိုးရှိမှုအပြည့်အဝရရှိစေခြင်း၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအား အမျိုးသားဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ချက်နှင့် မဟာဗျူဟာများတွင် ပေါင်းစည်းပေးခြင်း၊ ဥပဒေမူဘောင်ထိန်းကျောင်းရေးလုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည်ရှိမှု တာဝန်ခံမှုကို အာမခံလျက် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ထုံးလုပ်နည်းရေးဆွဲခြင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်များ စုစည်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို တုံ့ပြန်လျော့ချစေနိုင်သည့် သန့်ရှင်းသော လောင်စာစီမံခြင်း၊ စွမ်းအင်စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ကာကွယ်မှုစီမံခြင်း၊ ပိုင်ဆိုင်မှုအပါအဝင် စွမ်းအင်လုပ်ငန်းအဆင့်ဆင့်တွင် နိုင်ငံသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ ပါဝင်သင့်ကြောင်း။

မူဝါဒဆိုင်ရာလုပ်ဆောင်မှု (Policy Measure)နှင့် အကောင်အထည်ဖော်မှုပိုင်းတွင် မူဝါဒရည်မှန်းချက်အဖြစ် စီးပွားရေးအရ လည်းကောင်း၊ ဘဏ္ဍာရေးအရလည်းကောင်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအရလည်းကောင်း အသက်သာဆုံးတန်ဖိုးဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့်အညီ အရင်းအမြစ်အမျိုးမျိုးမှ လုံလောက်သော စွမ်းအင်ထုတ်ယူရရှိနိုင်မှုကို အာမခံနိုင်သည့် အခြေအနေကောင်းများ ဖန်တီးပေးရန် သတ်မှတ်သင့်ကြောင်း၊ ဇီဝဒြပ်ထု၊ လျှပ်စစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ မြို့ပြသုံး ချွေကလီးယားစွမ်းအင်၊ ရေ-လေ-နေ-မြေ၊ ဒီရေ စသည့် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍခွဲအလိုက် လည်းကောင်း၊ ကျေးလက်ဒေသစွမ်းအင်ထောက်ပံ့ရေးအတွက် လည်းကောင်း၊ စွမ်းအင်စီမံခန့်ခွဲမှုအတွက် လည်းကောင်း၊ စွမ်းအင်ဈေးနှုန်းသတ်မှတ်ခြင်းအတွက် လည်းကောင်း၊ ဖွဲ့စည်းမှုနှင့် ဥပဒေရေးရာ ကိစ္စများအတွက် လည်းကောင်း ရည်မှန်းချက်များ၊ မူဝါဒလုပ်ဆောင်မှုနှင့် မဟာဗျူဟာများ ပါဝင်ရေးဆွဲသွားရန် လိုအပ်ကြောင်း။

ထို့အပြင် ဖွဲ့စည်းမှုမူဘောင် (Institutional Framework) နှင့်အကောင်အထည်ဖော်မှုကိုလည်း ထည့်သွင်းရေးဆွဲရန်လိုအပ်ကြောင်း၊ အမျိုးသားစွမ်းအင်မူဝါဒသည် ပြည်သူတို့၏ ဘဝအရည်အသွေးမြင့်မားမှုနှင့် ပြည်သူတို့အတွက် ဥစ္စာစေ ဖန်တီးပေးရေး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်သို့ ပို့ဆောင်ပေးနိုင်မည့် ဖွဲ့စည်းမှုနှင့် ဥပဒေမူဘောင်ကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍတွင် သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် အစီရင်ခံခြင်း၊ ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ဆောင်ရွက်ခြင်း၊ လူမှုအသိုင်းအဝိုင်းပူးပေါင်းပါဝင်ခြင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းကိစ္စရပ်များအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ ပါဝင်သင့်ကြောင်း။

ကော်မတီအနေဖြင့် အမျိုးသားစွမ်းအင်တစ်ရပ်လုံးကို ထိန်းကျောင်းပဲ့ကိုင်ဆောင်ရွက်ရမည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်သဖြင့် စွမ်းအင်ကဏ္ဍအားလုံးခြုံငုံမိစေသည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရေအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များဖြစ်သော လေအား၊ နေအား၊ ဘူမိအပူ၊ ဇီဝဒြပ်ထု၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့ စသည့် စွမ်းအင်အရင်းအမြစ်အားလုံးကို တစ်မျိုးသားလုံးအတွက် နောင်သားစဉ်မြေးဆက်အထိ စနစ်တကျသုံးစွဲနိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေပြီး အထိရောက်ဆုံး အကျိုးပြုဖြည့်ဆည်းပေးနိုင်ရန်လိုအပ်သည့်ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ခြင်းတို့ကို လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး တစ်ပြိုင်နက်တည်း ဆောက်ရွက်သွားကြရန် သက်ဆိုင်ရာ ပညာရှင်များကလည်း အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးဖို့ တိုက်တွန်းပြောကြားသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

အစီး ၃၀၀၊ မြင်းကောင်ရေ ၁၁၀ အားရှိသည့် စပါးခြွေလှေ့စက် ၁၅၀၊ မြင်းကောင်ရေ ၁၃ ဒသမ ၅ အား ရှိသည့် လက်တွန်းထွန်စက် ၂၂၈ စီး၊ အခြားလယ်ယာလုပ်ငန်းခွင်သုံး စက်ပစ္စည်းကိရိယာများ ပါဝင်သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်းကတည်းက လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ရာ ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှုလာရောက်ပြုလုပ်သည့်နိုင်ငံများတွင် အိန္ဒိယနိုင်ငံသည် ၁၃ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli Bin Mohd Zin က ဇန်နဝါရီ ၁၆ ရက် ညပိုင်းတွင် Shangrila Hotel ရှိ Grand Ballroom ခန်းမ၌ ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မလေးရှားတပ်မတော်ကြည်းတပ်စစ်တီးဝိုင်းအဖွဲ့မှ မြန်မာနှင့် မလေးရှား ရိုးရာအကများ၊ မြန်မာနှင့် မလေးရှား ခေတ်ပေါ်သီချင်းများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နှစ်နိုင်ငံ တပ်မတော်အကြီးအကဲများနှင့် ဇနီးများသည် လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး ဧည့်ခံဖျော်ဖြေသောအဖွဲ့ဝင်များအား ရင်းနှီးလှိုက်လှဲစွာ နှုတ်ဆက်သည်။

အဆိုပါညစာစားပွဲအခမ်းအနားသို့ မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းမောင်နှင့်ဇနီးတို့ တက်ရောက်ကြပြီး မလေးရှားတပ်မတော်မှကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli Bin Mohd Zin က Shangrila Hotel ၌ ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီးသန့်ညစာစားပွဲဖြင့်ဂုဏ်ပြုဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli Bin Mohd Zin က ဇန်နဝါရီ ၁၇ ရက် ညပိုင်းတွင် တပ်မတော်အရာရှိ ရိပ်သာ Penthouse ခန်းမ၌ သီးသန့်ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက လှိုက်လှဲစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မလေးရှား တပ်မတော်ကြည်းတပ်တီးဝိုင်းမှ မြန်မာ၊ မလေးရှား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အမှတ်တရမှတ်တမ်းဓာတ်ပုံ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တီးဝိုင်းအဖွဲ့သားများအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရင်းနှီးလှိုက်လှဲစွာ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောမြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli Bin Mohd Zin က သီးသန့်ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ပြန်လည်ရောက်ရှိစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူနှင့် မလေးရှား ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ် သူရသက်ဆွေနှင့်ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကျွမ်းဘားအားကစား နည်းပြ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှကြီးမှူး၍ ကျွမ်းဘားအားကစား နည်းပြသင်တန်း(၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ အရှေ့တောင်အာရှ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ပို့ချပေး

သင်တန်းသို့ အားကစားဝန်ကြီးဌာန၊ ပညာရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်အဖွဲ့ချုပ်မှ သင်တန်းသား/သင်တန်းသူ ၂၈ ဦးတို့ တက်ရောက်ကြပြီး ဇန်နဝါရီ ၂၀ ရက်အထိ တရုတ်ကျွမ်းဘားနည်းပြဆရာက သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီသည် အာဆီယံဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် အဓိကကျ

နေပြည်တော် ဇန်နဝါရီ ၁၈

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန စတုရဂ်ဗလ အစည်းအဝေးခန်းမ၌ ကျင်းပရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီသည် လာမည့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် အဓိကကျသော ကော်မတီဖြစ်၍ ကြိုတင်ပြင်ဆင်ရန်လိုအပ်သောလုပ်ငန်းရပ်များကို စေ့စပ်စွာ ဖော်ထုတ်နိုင်ရေး၊ ဆပ်ကော်မတီများအလိုက် သတ်မှတ်တာဝန်ခွဲဝေရေး၊ လုပ်ငန်းရပ်အသီးသီးကို ကဏ္ဍအလိုက် ရေးဆွဲထားသော အချိန်ဇယားများ အတိုင်းပြီးစီးစေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြီးစီးမှုများကို နိုင်ငံတော်အဆင့် ဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှု ခံယူနိုင်ရေးတို့ကို ဆောင်ရွက်ရန်၊ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီအောက်တွင် ဆပ်ကော်မတီ ၁၇ ခုဖြင့် ဖွဲ့စည်းထားပြီး ဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ဆပ်ကော်မတီများအနေဖြင့် ဗဟိုကော်မတီအားအထောက်အကူပြုခြင်းနှင့် လမ်းညွှန်မှုများရယူရန် လိုအပ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် အချိန်သည်နီးကပ်လာသည်နှင့်အမျှ လုပ်ငန်းများအကောင်အထည်ဖော်ရန် အရေးကြီးလာပြီဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသော စာချုပ်များအနက် မြန်မာနိုင်ငံမှ အတည်ပြုရန်ကျန်ရှိနေသေးသော သဘောတူညီချက်များ၊ စာချုပ်များကို ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုနိုင်ရန် လိုအပ်သည်များကိုလည်း ပြောကြားသည်။

ထို့နောက် ကော်မတီဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၇ ရက်ညနေပိုင်းတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Y.B Dato Sri Mohd Najib bin Tun Haji Hbdul Razak အား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုရှိပြီး မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတကြီးနှင့်လည်း ကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကလည်း လမ်းကြောင်းပေါ်ရောက်နေပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး အခြေအနေတိုးတက်လျက်ရှိသည်ကို သတိထားမိပါကြောင်း၊ မြန်မာပြည်သူတို့၏ ကံကောင်းသောကာလတစ်ခုဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ရန်ရှိသော အာဆီယံ Vision အတွက် ကောင်းမွန်သော ခြေလှမ်းတစ်ခုဖြစ်ပါကြောင်း၊ ၁၆ နိုင်ငံတပ်မတော်နှစ်ရပ်၏ ဆက်ဆံရေးအခြေအနေမှာလည်း ကောင်းမွန်သော အခြေအနေရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးလာရောက် လည်ပတ်ခဲ့သလို မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ယခုလာရောက်သဖြင့် ပိုမိုတိုးတက်သော ခြေလှမ်းများဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မလေးရှားနိုင်ငံဝန်ကြီးချုပ် အနေဖြင့် တွေ့ဆုံခွင့်ပြု၍ ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု အမှာစကားပါးပါကြောင်း၊ ယခုခရီးစဉ်သည် မြန်မာ့တပ်မတော်နှင့် မလေးရှားတပ်မတော်နှစ်ရပ်ကြား သမိုင်းသစ်တစ်ရပ်စိုက်ထူခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်မျိုးဆက်သစ် ခေါင်းဆောင်များအနေဖြင့် မလေးရှားနိုင်ငံတပ်မတော်အပါအဝင် အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှ တပ်မတော်များနှင့် ဆက်ဆံရေးတိုးမြှင့်ရန်ဆန္ဒရှိပါကြောင်း၊ အဆွေတော်ပြောသကဲ့သို့ asian community ဖြစ်၍ ၂၀၁၅ခုနှစ်တွင် ဖြစ်လာမည့် Vision၊ ၂၀၂၀ ခုနှစ်တွင် ဖြစ်လာမည့် Vision များအတွက် အခြေခံကောင်းများရရှိပြီး အောင်မြင်စွာပါဝင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ထောက်ခံအားပေးမှုကြောင့် ၂၀၁၄ ခုနှစ်အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ထိုကဲ့သို့ထောက်ခံမှုအတွက် ကျေးဇူးများစွာတင်ရှိပါကြောင်း၊ မိမိနိုင်ငံတွင်လည်း ပြုပြင်ပြောင်းလဲရေးကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးဆောင်မှုဖြင့် တက်တက်ကြွကြွ အောင်မြင်အောင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်နှင့် မိမိတို့တပ်မတော်အနေဖြင့် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပါသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် ပြီးခဲ့သည့်မတ်လ မြန်မာနိုင်ငံခရီးစဉ် ပြန်လည်ထွက်ခွာလာပြီး ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောအမြင်များဖြင့် ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအား ကူညီရန်၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို ယုံကြည်မှုရှိရန်နှင့် ပိတ်ဆို့တားမြစ်မှုများ မလုပ်သင့်ကြောင်းကို တိုက်တွန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများတွင် ပြည်သူလူထုမှ အကျိုးခံစားခွင့် မျှော်လင့်မှုများရရှိပြီး စီးပွားရေးတိုးတက်မှု အခွင့်အလမ်းများရရှိ၍ တိုင်းပြည်တိုးတက်ရန်အတွက် အခွင့်အလမ်းကောင်းများရသင့်သည်ကို ဆွေးနွေးခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အားလည်း စီးပွားရေးပိတ်ဆို့မှုနှင့် ပတ်သက်ပြီး ပြန်လည်စဉ်းစားရန် တိုက်တွန်းပြောဆိုခဲ့ပါကြောင်း၊ ယခုလိုတိုက်တွန်းခြင်းသည် အာဆီယံ၏ မူလလမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး အကောင်းမြင်ဝါဒနှင့် အောင်မြင်မှုကို လိုလားပါကြောင်း ပြောကြားပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်အနေဖြင့် မိမိအား ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားပေး၍ ဝမ်းမြောက်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ရခိုင်ဒေသတွင် ဖြစ်ပွားခဲ့သော ကိစ္စများတွင် တည်ငြိမ်အေးချမ်းမှုရရှိရေး အကောင်းဆုံးကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့်လည်း အကောင်းဆုံးဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး မြန်မာ့တပ်မတော်အနေဖြင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ မိမိတို့သည် တိုင်းရင်းသားကို တိုက်ခိုက်ခြင်း မဟုတ်ဘဲ လက်နက်ကိုင်အကြမ်းဖက်မှုကို ကာကွယ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို တပ်မတော်အနေဖြင့် အပြည့်အဝ ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် အာဆီယံ ၁၀ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ကြီးမားသောကွာခြားမှုမရှိပါကြောင်း၊ အာဆီယံ ၁၀ နိုင်ငံအတွက် အဓိကမှာ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုဖြစ်ပါကြောင်း၊ တည်ငြိမ်မှုရှိမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါကြောင်း၊ နယ်စပ်တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်အေးချမ်းရေးအတွက် လက်နက်ကိုင်ပြဿနာကို ဖြေရှင်းနိုင်ပါမှ တိုင်းပြည်တွင် တည်ငြိမ်အေးချမ်းမည်ဖြစ်ပါကြောင်း၊ တခြားရွေးချယ်စရာလမ်းမရှိပါကြောင်း၊ လက်နက်ကိုင်လမ်းဆုံကို စွန့်လွှတ်ရန် နိုင်ငံရေးစားပွဲဝိုင်းမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် အဆွေတော်ဝန်ကြီးချုပ်ပြောကြားချက်အား မိမိမှ အပြည့်အဝထောက်ခံပါကြောင်း၊မိမိတို့သည် အိမ်နီးနားချင်းနိုင်ငံများတွင် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်ပါကြောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနယ်စပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုမှာ ကချင်ဒေသအချို့ အစိတ်အပိုင်းမှလွဲ၍ ကျန်ဒေသများတွင်ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့မှ ပစ်ခတ်ရပ်စဲရေးကိုလိုက်နာသော်လည်း တစ်ဖက်မှ မလိုက်နာသဖြင့် မိမိတပ်ဖွဲ့ဝင်များနစ်နာဆုံးရှုံးရကြောင်း၊ သို့ဖြစ်၍ အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်စလုံးမှ လိုက်နာရမည်ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးခြင်းနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မကြာမီဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားပါသည်။

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က သမ္မတကြီးအားလည်း ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံဝန်ကြီးချုပ် Y.B Dato Sri Mohd Najib bin Tun Haji Hbdul Razak အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ မလေးရှားနိုင်ငံ Malacca မြို့ အမှတ် (၁၀) လေထီးတပ်မနှင့် ကွာလာလမ်ပူမြို့ လေယာဉ်စစ်ဆေးမွမ်းမံရေးဌာန၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၈

မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် လိုက်ပါ၍ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ကွာလာလမ်ပူ Air Base မှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် Malacca မြို့ အမှတ် (၁၀) လေထီးတပ်မသို့ ရောက်ရှိပြီး တပ်မမှူး ဗိုလ်မှူးချုပ် Dato' Tengku Ahmad Noor Bin Tuan Chik နှင့် တပ်မတော်အရာရှိကြီးများက ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး တပ်ဖွဲ့အား စစ်ဆေးသည်။ ထို့နောက် အမှတ်(၁၀) လေထီးတပ်မ၏ Parawood လေ့ကျင့်ရေးကွင်း၌ စစ်သည်များက သရုပ်ပြတိုက်ခိုက်ရေး စွမ်းရည်အမျိုးမျိုးအား ပြသပြီး စစ်သည်များနှင့် တိုက်ခိုက်ရေးနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ တန်းစီ၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အလေးပြုသည်။ ထိုအချိန်တွင် ရဟတ်ယာဉ်များက ကောင်းကင်မှ ပျံသန်းအလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုသောအားဖြင့် မလေးရှားတပ်မတော်ဦးထုပ်နှင့် အဆင့်တံဆိပ် ချီးမြှင့်ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်တံဆိပ်အား အမှတ် (၁၀) လေထီးတပ်မမှူးသို့ ပေးအပ်သည်။ ထို့နောက် သရုပ်ပြစွမ်းရည်ပြသကြသော မလေးရှားတပ်မတော်မှ စစ်သည်များကိုယ်စား အဖွဲ့ခေါင်းဆောင်အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး အမှတ်(၁၀) လေထီးတပ်မမှူးက ပေးအပ်သော အထိမ်းအမှတ်တံဆိပ်အား လက်ခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နံနက်စာ သုံးဆောင်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် လိုက်ပါ၍ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ လေယာဉ်စစ်ဆေးမွမ်းမံရေးဌာန AIROD သို့ ရောက်ရှိပြီး Execusive Director နှင့်တာဝန်ရှိသူများကလှိုက်လှဲစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရှင်းလင်းဆောင်၌ AIROD မှ တာဝန်ရှိသူများက ကုမ္ပဏီများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်/ခဲယမ်းပြခန်းငယ်အား ကြည့်ရှုလေ့လာ၍ လေယာဉ်စစ်ဆေးမွမ်းမံရေး အလုပ်ရုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် စစ်သံရုံးမိသားစုများ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၈

မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး၊ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းမောင်နှင့်ဇနီး၊ စစ်သံရုံးမိသားစုများက ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် Shangrila Hotelသို့ လာရောက်ဂါရဝပြုနှုတ်ဆက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သံရုံးမိသားစုများအတွက် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ၊ စာကြည့်တိုက်အတွက် စာအုပ်များကို သံအမတ်ကြီးနှင့်ဇနီးတို့အား ပေးအပ်သည်။ ယင်းနောက် စစ်သံမှူးနှင့်ဇနီး၊ စစ်သံရုံးမိသားစုများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ဂါရဝပြုကြပြီး မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် စာအုပ်များကို လက်ခံကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဩဝါဒစကားပြောကြားရာတွင် ပြည်ပ၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပညာရပ်များလေ့လာဆည်းပူးသွားကြရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး မထိခိုက်စေရန်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်၏ မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆောင်းပါး

မိုက်ခရိုအာမခံတစ်မျိုး

ဒေါက်တာမောင်မောင်သိန်း

အိမ်နီးချင်းထိုင်းနိုင်ငံမှ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်သော ထိုင်းအာမခံကုမ္ပဏီမှ ကိုယ်စားလှယ်များပါသည့် အဖွဲ့နှင့် တွေ့ဆုံဖြစ်သည်။ အာမခံအကြောင်း၊ အာမခံဈေးကွက်အကြောင်း အပြန်အလှန် ဆွေးနွေးရင်းနှင့် ယနေ့ကမ္ဘာတွင် ခေတ်စားလာသည့် မိုက်ခရိုအာမခံ (Micro Insurance) ခေါင်းစဉ်ရောက်သွားသည်။ ထိုင်းနိုင်ငံဘက်မှ ယင်းအာမခံသည် တောင်သူလယ်သမားများအတွက် အကျိုးရှိသော်လည်း လုပ်ငန်းဖော်ဆောင်ရန်ခက်ခဲမှုရှိကြောင်း ဆွေးနွေးသည်။ မိမိမှလည်း အလားတူပြန်ဆွေးနွေးရင်းဖြင့် မိမိတို့နိုင်ငံတွင် ပြုလုပ်နေသော မြွေအန္တရာယ် အာမခံ (Snake Bite Insurance)အကြောင်း ရောက်သွားသည်။ မြွေဟူသောအမည်ကြားသည်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ အလွန်စိတ်ဝင်စားသွားသည်။ ထိုအာမခံမျိုး ၎င်းတို့နိုင်ငံတွင် မရှိရုံသာမက ကြားပင်မကြားဖူးကြောင်း ပြောလာသည်။ ထို့အတူပင် နိုင်ငံတော်တော်များများမှ အာမခံလောကသားများနှင့် တွေ့ရာတွင်လည်း အလားတူပင် တုံ့ပြန်မှုရသည်။ သူတို့တွင်မရှိသော မကြားဖူးသောအာမခံမျိုးဖြစ်နေသည်။ ထိုအတွက် ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကျေးလက်ကျန်းမာရေးနှင့်ပတ်သက်၍ UNICEF အဖွဲ့အစည်းမှ ကြီးမှူးကျင်းပသည့် Workshop တစ်ခုတွင်လည်း စာရေးသူက စာတမ်းဖတ်ဆွေးနွေးခဲ့ရာ UNICEF မှ သဘောကျပြီး ၎င်းတို့၏ အစီအစဉ်များတွင် စာရေးသူကိုပါ ထည့်သွင်းပါဝင်စေခဲ့ပါသည်။

မြွေအန္တရာယ်အာမခံကို မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများ ကြုံတွေ့ရသော မြွေအန္တရာယ်ကြောင့် ပေါ်ပေါက်ရသည့် နောက်ဆက်တွဲအကျိုးသက်မှုများကို လျော့ပါးစေရေး (Reduction of Consequential Effect of Snake Bite)အတွက် တီထွင်ခြင်းဖြစ်ပါသည်။ ယင်းအာမခံသည် ယခုအချိန်အထိ မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာရှိသော အာမခံဖြစ်ပါသည်။ နိုင်ငံခြားအာမခံကုမ္ပဏီများမှ လာရောက်လေ့လာလေ့ရှိပြီး မကြာမီတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ပေါ်ပေါက်လာနိုင်ပါသည်။

မြွေကိုက်ခံရမှုကြောင့် ပေါ်ပေါက်လာနိုင်သည့် နောက်ဆက်တွဲ အကျိုးသက်မှုသည် အဓိကအားဖြင့် နှစ်မျိုးသာရှိပါသည်။ သေဆုံးခြင်းနှင့် ဆေးကုသခြင်းတို့ဖြစ်ပါသည်။ ယင်းတို့ကို ငွေကြေးနှင့် သက်သာရာရစေရန် စီမံဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ယင်းသို့ စီမံဆောင်ရွက်ပေးရာတွင် တောင်သူလယ်သမားများပေးနိုင်စွမ်းရှိသည့် အာမခံပရီမီယံနှုန်းထား (Affordable Premium Structure) နှင့် နိုင်ငံတော်အနေဖြင့် လျော်ကြေးပေးရာတွင် ဝန်မပိစေဘဲ ရေရှည်ဆောင်ရွက်နိုင်မှု (Sustainable and Convenient Growth) ရရှိစေရန် ချိန်မျှဆောင်ရွက်ထားပါသည်။ တစ်နည်းအားဖြင့် တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်သည့် သက်သာသော ပရီမီယံနှင့် နိုင်ငံတော်က လျော်ကြေးပေးချေရာတွင် နိုင်ငံတော်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ရေရှည်ဆောင်ရွက်နိုင်မည့် လျော်ကြေးတို့ကို သတ်မှတ်ဆောင်ရွက်ပါသည်။

ပရီမီယံ

တစ်နှစ်စာ (၁၂ လ)အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀ သာ ပေးရပါသည်။ တစ်ရက်လျှင် တစ်ကျပ်ကျော် (တစ်ကျပ် ၃၇ ပြား)သာ ကျပါမည်။

အကျိုးခံစားခွင့်

မြွေအန္တရာယ်အာမခံထားသူတစ်ဦး မြွေကိုက်ခံရ၍ သေဆုံးပါက ငွေကျပ်ငါးသိန်းခံစားခွင့်ပေးပါသည်။ ပရီမီယံ၏ အဆတစ်ထောင်ပေးလျော်သည့်သဘောဖြစ်ပါသည်။ အာမခံလောကတွင် အဆတစ်ထောင်လျော်သည့် အာမခံသည် ခပ်ရှားရှားပင်ဖြစ်ပါသည်။ မြွေကိုက်ခံရ၍ ဆေးကုသလျှင်မူ ဆေးကုစရိတ်ငွေကျပ် ရှစ်သောင်းပေးပါသည်။ ယင်းငွေကျပ်ရှစ်သောင်းသည် မြွေဆိပ်ဖြေဆေး ဝယ်ယူဆေးကုသရန် (ယခုအချိန်အထိ) လုံလောက်သည့်အပြင် ခရီးစရိတ်စသည်တို့ကိုပါ ကာမိစေပါသည်။

မြွေအန္တရာယ်အာမခံစတင်သည့်နှစ်

မြွေအန္တရာယ်အာမခံကို ၁-၇-၂၀၀၅ တွင် စတင်ခဲ့ပါသည်။ စတင်စတွင် မြွေအန္တရာယ်ထူပြောသည်ဟု ကျော်ကြားသော မကွေးတိုင်းဒေသကြီးကို စမ်းသပ်နယ်မြေအဖြစ်သတ်မှတ်ပြီး စတင်ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။ ယင်းတွင်စမ်းသပ်မှုအောင်မြင်သဖြင့် ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

ဖြန့်ဖြူးပုံစနစ်

ကျေးရွာများအထိရောက်ရှိရန် ရပ်ကွက်/ကျေးရွာအုပ်စုမှ မြို့နယ်/ခရိုင်/တိုင်းဒေသကြီးအဆင့်ဆင့်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြန့်ဖြူးပါသည်။ (ယခင် အခေါ် ကောင်စီစာရေးများမှတစ်ဆင့် ဖြန့်ဖြူးခြင်းဖြစ်ပါသည်။)

ထူးခြားချက်

ယနေ့အထိ ရှစ်နှစ်သက်တမ်းကာလအတွင်း အာမခံထားသူ ၁၄၅၈၅၉ ဦးရှိခဲ့ပြီး ပရီမီယံဝင်ငွေ စုစုပေါင်း ၇၂ ဒသမ ၉၃ သန်း ရရှိခဲ့ပါသည်။ ရှစ်နှစ်ကာလအတွင်း မြွေကိုက်ခံရ၍ သေဆုံးသူ စုစုပေါင်း ၅၃ ဦးရှိပြီး ၎င်းတို့အတွက် လျော်ကြေးငွေကျပ် ၂၆ ဒသမ ၅၀ သန်း ပေးလျော်ခဲ့သည်။ ရှစ်နှစ်အတွင်း ဆေးကုသစရိတ်တောင်းခံသူ ၂၅၁ဦးရှိပြီး ယင်းတို့အတွက် ၁၁ ဒသမ၇၈သန်း ပေးလျော်ခဲ့ရသည်။ ရှစ်နှစ်တာကာလ စုစုပေါင်းလျော်ကြေးငွေကျပ် ၃၈ ဒသမ ၂၈ သန်း ပေးလျော်ခဲ့ရသည်။

လျော်ကြေးပေးချေမှုကို လေ့လာကြည့်သောအခါတွင် သေဆုံးသူများအတွက် ပေးရသောလျော်ကြေးမှာ အရေအတွက်နည်းပါးပြီး ဆေးကုစရိတ်လျော်ကြေးတောင်းခံမှုမှာ ပိုများပြားကြောင်း တွေ့ရသည်။ အဓိပ္ပာယ်မှာ မြွေအန္တရာယ်အာမခံမှဆေးကုစရိတ်ရမည်ကို သိသောကြောင့် ဆေးနည်းတိုဖြင့် မကုသဘဲ လက်တွင် ငွေမရှိသည့်တိုင်အောင် ချေးငှား၍ ဆေးရုံဆေးခန်း သွားရောက်ကုသမှုကြောင့် အသက်ဆုံးရှုံးမှုလျော့နည်းသည့် သဘောဖြစ်သည်။ သို့အတွက် မြွေအန္တရာယ်အာမခံသည် လူ့အသက်ကယ်တင်မှုအတွက်ပါ အထောက်အကူပြုကြောင်း သုံးသပ်ရရှိပါသည်။

သို့ပါ၍ မြွေအန္တရာယ် အာမခံပျံ့နှံ့ရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်လှကြောင်း တိုက်တွန်းအပ်ပါသည်။ ။

မြွေအန္တရာယ်အာမခံမှ ဆေးကုစရိတ်ရမည်ကို သိသောကြောင့် ဆေးနည်းတိုဖြင့် မကုသဘဲ လက်တွင် ငွေမရှိသည့်တိုင်အောင် ချေးငှား၍ ဆေးရုံဆေးခန်း သွားရောက်ကုသမှုကြောင့် အသက်ဆုံးရှုံးမှု လျော့နည်းသည့်သဘောဖြစ်သည်။ သို့အတွက် မြွေအန္တရာယ်အာမခံသည် လူ့အသက်ကယ်တင်မှုအတွက်ပါ အထောက်အကူပြုကြောင်း သုံးသပ်ရရှိပါသည်။

ဘဝအမောပြေ

လျှောက်မပြောနဲ့

ငယ်မူပြန်နေပြီဖြစ်သောအဘိုးနှင့် သူ၏မြေးငယ်လေးတို့ စကားပြောနေသည်။

အဘိုး ။ မြေးလေး။
မြေး ။ ဗျာ. . . ဘိုးဘိုး။
အဘိုး ။ အာဇာနည်ဗိမာန်ကို ဗုံးခွဲခဲ့တဲ့ တရားခံတွေကိုမိပြီတဲ့။ မင်းသိလား။
မြေး ။ မသိပါဘူး ဘိုးဘိုး။
အဘိုး ။ ချင်စိုနဲ့ တင်ကချူးတဲ့ကွ (အမှန်က ဇင်ဘိုနဲ့ ကင်မင်ချူးဖြစ်ပါသည်။)
မြေး ။ ဟုတ်လား ဘိုးဘိုး။
အဘိုး ။ အေး။ ဒါကိုမင်းဘယ်သူမှလျှောက်မပြောရဘူးနော်။ လျှို့ဝှက်ချက်သိလား။
မြေး ။ ဟုတ်ကဲ့ပါဘိုးဘိုး။ ဒါနဲ့ ဘိုးဘိုးက ဘယ်ကနေသိလာတာလဲ။
အဘိုး ။ ဘိုးဘိုး နေ့ခင်းက သတင်းစာဖတ်ပြီးသိခဲ့တာကွ။

သုဓနု(ငွေတောင်ပြည်)

ရွှေမုဋ္ဌောစေတီတော်ကြီး စတုမဓုဆွမ်းတော်ကပ်လှူမည်

ပုသိမ် ဇန်နဝါရီ ၁၈

ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်ကြီး၌ (၈၁) ကြိမ်မြောက် မြတ်စွာဘုရားရှင်နှင့် ရဟန္တာ ၅၀၀ စုစုပေါင်း ၅၀၁ဆူတို့အား စတုမဓုဆေးဆွမ်းတော်ကပ်လှူပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်မှာ မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းထားသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလ လေနာ၊ သည်းခြေနာဝေဒနာအဖြစ်ခံစားနေကြရသော ရဟန်းတော်များအားအင်ချည့်နဲ့ကာ ရုပ်အဆင်းပျက်နေသည်ကို သိမြင်တော်မူသဖြင့် ထောပတ်၊ သကာ၊ နှမ်းဆီ၊ ပျားရည်၊ တင်လဲဆေးငါးပါးစု၍ ကျိုချက်တော်မူစဉ် သိကြားမင်းအမျှုပြုသော နတ်ပြဟ္မာ၊ ဂဠုန်၊ နဂါး၊ ယက္ခ ကုမ္ဘဏ်အပေါင်းတို့က ကူညီကြသဖြင့် ဂိလာနရဟန္တာငါးရာတို့သည် ဆေးငါးပါးမည် စတုမဓုဆွမ်းတော်ကို အချိန်ကာလမရွေး သုံးဆောင်နိုင်ခဲ့ကြသည်။ ထိုအစဉ်အလာကိုယူ၍ ရွှေမုဋ္ဌောစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စေတီတော်ဂေါပကအဖွဲ့က မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဂိလာနသံဃာများကို ကပ်လှူကြသည်။ **(ပုသိမ်လှကြည်)**

တောင်ပိုင်းဒေသများ အအေးပေါ့လာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် အအေးပေါ့လာနိုင်သည်။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၁၈

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာအုပ်စု၊ ရွာသာယာနှင့်ကရင်စုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးဘိုကေက ကျေးဇူးတင်စကားပြောကြားသည်။ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်လင်းဒွေးက စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးစက်ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၁၀ ရှိပြီး ကုန်ကျငွေမှာ ငွေကျပ် ၇၀၉ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(၄၃၂)**

(၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာ(ထမလုံ)အောင်တော်မူကုန်းမြေပေါ်၌ တည်ထားကိုးကွယ်တော်မူသော **အောင်မြေဗောဓိစေတီတော်ကြီး၏ (၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်**ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတီတော်ကြီး၏ ဘုရား ဒါယကာ-ဒါယိကာမများ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁။ ၁၃၇၄ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀-၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅း၀၀နာရီအထိ ခတ်ပွဲ၊ နတ်ပွဲ၊ ဗလီနတ်စာကျွေးပွဲကျင်းပပြုလုပ်မည်။

၂။ ပြာသိုလဆန်း ၁၀ ရက်၊ ၂၁-၁-၂၀၁၃ ရက် (တနင်္လာနေ့) ည ၇း၀၀နာရီတွင် သပိတ်အိုင်ဆရာတော် ရှင်ညာဏိဿရမှ တရားတော်များချီးမြှင့်ပါမည်။

၃။ ပြာသိုလဆန်း ၁၁ ရက်၊ ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)မှ ပြာသိုလပြည့်နေ့အထိ ၂၆-၁-၂၀၁၃ ရက် (စနေနေ့)အထိ ငါးရက်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို သံဃာတော် ၂၄ပါး ဖြင့် ရွတ်ဖတ်ပူဇော်ပြီး ၎င်းနေ့ နံနက် ၉နာရီတွင် ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်များကို ရေစက်ချအမျှပေးဝေခြင်း။

၄။ ပြာသိုလပြည့်နေ့၊ ၂၆-၁-၂၀၁၃ ရက် (စနေနေ့) နံနက် ၅ နာရီတွင် အောင်မြေဗောဓိစေတီတော်ကြီးနှင့် လိုဏ်ဂူတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို သံဃာတော်များဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် သံဃာတော်များအား ဆွမ်း ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း။

၅။ ပြာသိုလပြည့်နေ့၊ ၂၆-၁-၂၀၁၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် သံဃာတော် ၁၀၈ပါးအား ဆီ ဆွမ်းလောင်းလှူခြင်း။

စေတီတော်၏ ဝေယျာဝစ္စအဖွဲ့

ပြည်တွင်းသတင်း

ရန်ကင်းလမ်းဆုံမှ စုပေါင်းစီး တက္ကစီအငှားယာဉ်များ

သတင်းမြင်ကွင်း(မောင်ကျောက်တံတား)နှင့် ဓာတ်ပုံ သန်းမောင်(ရန်ကင်း)

ရန်ကုန်မြို့တွင်း နဂိုရှိရင်းစွဲ စီအင်န်ဂျီတက္ကစီအငှားယာဉ်များအပြင် နောက်ထပ်ဓာတ်ဆီ၊ ဒီဇယ်တက္ကစီ အငှားယာဉ်များပါ သက်ဆိုင်ရာမှ ခွင့်ပြုပေးခဲ့သဖြင့် တက္ကစီအငှားယာဉ်များ ပိုမိုများပြားလာခဲ့သည်။ စီအင်န်ဂျီတက္ကစီများမှာ ခရီးသည်နှင့် ယာဉ်မောင်းညှိနှိုင်းဈေးဖြင့် လိုက်ပါပို့ဆောင်နိုင်သော်လည်း ဒီဇယ်၊ ဓာတ်ဆီသုံး တက္ကစီများမှာမူ တွက်ခြေမကိုက်သဖြင့် စီအင်န်ဂျီတက္ကစီလိုက်သည့် ဈေးနှုန်းဖြင့် မလိုက်နိုင်ဖြစ်ခဲ့သည်။ ခရီးသည်အများစုကလည်း ဈေးနှုန်းသက်သာသောစီအင်န်ဂျီ တက္ကစီကို ရွေးချယ်စီးကြသည်။ ခရီးသည်မရသော တက္ကစီများက နေ့တွက်ကိုက်ရန်အတွက် စင်းလုံးငှားတက္ကစီအငှားယာဉ်အစား၊ စုပေါင်းစီးဘတ်စ်ကားတက္ကစီယာဉ်ဖြစ်ကုန်တော့သည်။ ရန်ကင်း (၁၂) လုံးတန်းမှ ကမာရွတ်လှည်းတန်းဈေးအထိ တစ်ဦး ငွေကျပ် ၅၀၀ နှုန်းဖြင့် တက္ကစီများက ကားအမျိုးအစားအလိုက် ခရီးသည် ၄ဦးမှ ၁နှစ်ဦးအထိ

တင်ဆောင်ပြေးဆွဲကြသည်။ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းနှင့် ရန်ကင်းလမ်းဆုံ မီးပွိုင့်ဧရိယာတွင် စုပေါင်းစီးတက္ကစီပေါင်းစုံအငှားယာဉ်ဂိတ်သဖွယ် ဖြစ်နေသည်ကို ဇန်နဝါရီ ၁၆ ရက် နံနက်က တွေ့ရသည်။**(အပေါ်ပုံ)**

လျှပ်စစ်မီးလာသော်လည်း မီးပွိုင့်ပျက်နေသည့် ရန်ကင်းလမ်းဆုံတွင် ကွေ့ယာဉ်ကြောမှလာသော ယာဉ်များနှင့် ခရီးသည်စောင့်ကာ ရပ်နားနေသော တက္ကစီယာဉ်များ၊ ယာဉ်နှစ်ထပ်ဖြစ်ကာ၊ ယာဉ်ကြောပိတ်ဆို့မှုလည်း မကြာခဏဖြစ်သည်။

ယာဉ်နှစ်စီး ငြိမှုလည်းဖြစ်သည်။ တာဝန်ရှိသူတို့က ထိန်းသိမ်းကြပ်မတ်ပြုပြင်ပေးစေလိုကြောင်း ပြည်သူ့အသံကို ရေးသားရိုက်ကူး တင်ပြလိုက်ပါသည်။

(၀၂၇)

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ သုံးလအတွင်းထုတ်ပေးမည်

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးခြင်းကို သုံးလအတွင်းအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်တွင် လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်၊ ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် အသစ်ဖော်ထုတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်၊ လွှဲပြောင်းလက်ခံသော အမွေဆက်ခံသော မြေလွတ်၊ မြေရိုင်းမှပြောင်းလဲ သတ်မှတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ ပြောင်းလဲသတ်မှတ်သော လယ်ယာမြေများဟူ၍ ပါရှိပြီး တောင်သူတစ်ဦးချင်းစီ၏ လုပ်ကွက်ဧရိယာ၊ မြေကြီးမြေပုံ၊ မြေစာရင်း မှန်ကန်ရေး၊ လုပ်ကွက်ဧရိယာ မှန်ကန်တိကျစွာ ကွင်းဆင်းတိုင်းတာရေးတို့ကို ကလေးမြို့နယ်အတွင်း စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

"ကျွန်တော်တို့က ဒီဇင်ဘာ ၃၁ ရက်ကတည်းက ဒီကလေးမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ လက်ထဲအရောက် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ-၁တွေကို အချိန်နဲ့တစ်ပြေးညီ ပေးအပ်ခဲ့ပြီး တောင်သူတွေ အမြန်ဆုံးလျှောက်လွှာတင်နိုင်ဖို့ အဘက်ဘက်ကဝိုင်းဝန်းကူညီကြိုးပမ်း ဆောင်ရွက်နေပါတယ်။ တောင်သူတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာတွေကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွေမှာ အခမဲ့ရယူလျှောက်ထားရပါမယ်။ လက်ရှိအသုံးပြုခွင့်ရရှိထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် လျှောက်လွှာကို ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တစ်လအတွင်း စိစစ်ထောက်ခံပြီး မြို့နယ်မြေစာရင်းဦးစီးဌာနကို တင်ရပါမယ်။ မြို့နယ်မြေစာရင်းက ကန့်ကွက်မယ့်သူရှိရင် ကန့်ကွက်နိုင်ဖို့ ၁၅ ရက်အတွင်း လျှောက်လွှာခေါ်ရင် တစ်လအတွင်းမှာ ကန့်ကွက်နိုင်ပါတယ်၊ မြို့နယ်မြေစာရင်းရဲ့သဘောထားမှတ်ချက်နဲ့ တစ်လအတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲအဖွဲ့ အဲဒီအဖွဲ့ရဲ့သဘောထားမှတ်ချက်နဲ့ တစ်ပတ်အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ရမှာပါ။ အဲဒီကမှ ခွင့်ပြုတယ်၊ ငြင်းပယ်တယ်ဆိုတာကို ၁၅ရက်အတွင်း မြို့နယ်မြေစာရင်းဦးစီးဌာန၊ အဲဒီကမှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ အဲဒီကတစ်ဆင့် တစ်ပတ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးသွားမှာပါ။ ပြန်လည်သိမ်းယူသောလယ်ယာမြေနဲ့ အသစ်ဖော်ထုတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်နဲ့၊ လွှဲပြောင်းသော အမွေဆက်ခံသော မြေလွတ်၊ မြေရိုင်း၊ မြေလပ်မှ ပြောင်းလဲသတ်မှတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်တွေကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးသွားမှာပါ။ သုံးလအတွင်း အပြီးဆောင်ရွက်ပေးမှာမို့ အမြန်ဆုံး လျှောက်ထားစေချင်ပါတယ်"ဟု မြို့နယ်မြေစာရင်းရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

မင်းမင်းဇော်(ကလေး)

ကုန်တင်ယာဉ်များ တန်ဖိုးကျဆင်းလာ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း အဆင်ပြေ

ရန်ကုန် ဇန်နဝါရီ ၁၈

မော်တော်ယာဉ်တင်သွင်းရေး မူဝါဒအသစ်ကြောင့် အိမ်စီးယာဉ်ငယ်များ လူတိုင်းလက်လှမ်းမမီသည့် ဈေးနှုန်းမှ လူအများစု ဝယ်ယူစီးနင်းနိုင်သည့် ဈေးကွက်အနေအထားသို့ ပြောင်းလဲလာသည့်နည်းတူ ကုန်တင်ယာဉ်များ၏ တန်ဖိုးသည်လည်း ကျဆင်းလာသည့်အတွက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေမှုများ ရှိလာသည်ဟု ကုန်စည်ပို့ဆောင်ရေးလောကမှ သိရသည်။

ယခုအခါ ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များ (မြန်မာပြည်တွင် အသုံးပြုပြီး) ဈေးနှုန်းများကျဆင်းနေရာ ယခင်အက္ခရာ ၉ခ/. . . . ၁၂ ဘီးကုန်တင်ယာဉ်ကြီးများ တစ်စီးလျှင် ငွေကျပ် သိန်း ၈၀၀- ၈၅၀ ရှိခဲ့သော ၂၀၀၀ ပြည့်နှစ် ဝန်းကျင် အနေအထားနှင့် ယခု ၂၀၁၃ ခုနှစ်တွင် တစ်စီးလျှင် ငွေကျပ်သိန်း ၃၅၀ ဝန်းကျင်သာရှိသည့် အနေအထား ကွာဟမှုကို ကုန်တင်ယာဉ် လောကတွင် မြင်တွေ့နေရသည်ဟု ဆိုသည်။

၁၀ ဘီးယာဉ် (အဟောင်း)များ ကားအခြေအနေညံ့လျှင် ကားနှစ်စီးပေါင်းရောင်းရငွေကျပ် သိန်း ၃၀၀ ခန့်သာရှိပြီး အမျိုးအစားနှင့် ကားအခြေအနေကောင်းသေးလျှင် တစ်စီး ငွေကျပ်သိန်း ၂၅၀ ခန့်ဈေးဖြင့် ရောင်းရကြောင်း၊ ခြောက်ဘီးယာဉ်များမှာ ယခင် ငွေကျပ်သိန်း ၃၅၀ မှ ၄၀၀ ဝန်းကျင်ရှိသော နီဆန်းကောင်တာများ ယခုအခါ ငွေကျပ်သိန်း ၂၀၀ ဝန်းကျင်သာရှိကြောင်း၊ ၂၀ ပေ အရှည်ရှိ ယာဉ်+ ကုန် ၇+၇=၁၄ တန်ပေါလ် ဖူဆိုဖိုက်တား ခြောက်ဘီးယာဉ်တစ်စီးဆိုလျှင် ဝယ်သူက ငွေကျပ်သိန်း ၁၆၀ ဈေးပေးကြောင်း၊ အလားတူ TE အက္ခရာ ၁က ခြောက်ဘီးကုန်တင်ယာဉ်ဆိုလျှင် ပိုင်ရှင်က ငွေကျပ်သိန်း ၁၂၀ ဖြင့် ဈေးခေါ်သော်လည်း ဝယ်သူက ငွေကျပ် သိန်း ၁၀၀ ထိသာ ဈေးပေးနေသည်ဟု သိရသည်။

ကားသစ် တင်သွင်းရေးမူအရ ပြည်ပမှ ၁၂ ဘီး ကုန်တင်ယာဉ်များ တင်သွင်းလာလျှင် ထုတ်လုပ်သည့် ခုနှစ်အရ ငွေကျပ် သိန်း ၄၀၀ မှ ၅၅၀ ဝန်းကျင်ရှိကြောင်း၊ ကုန်စည်ပို့ဆောင်ရေးလောကတွင် အသုံးများနေသော နောက်တွဲယာဉ်များမှာ နောက်တွဲယာဉ်တစ်စီးလျှင် ငွေကျပ် သိန်း ၂၀၀ ခန့်သာရှိပြီး ခြောက်ဘီး ခေါင်းတွဲတစ်စီးလျှင် ငွေကျပ် သိန်း ၃၃၀၊ ၁၀ ဘီးခေါင်းတွဲ တစ်စီးလျှင် ငွေကျပ် သိန်း ၅၅၀ ဝန်းကျင်ရှိရာ ၁၈ဘီး နောက်တွဲတစ်စီးလျှင် ငွေကျပ် သိန်း ၅၀၀ ဝန်းကျင်၊ ၂၂ ဘီး တစ်စီးလျှင် ငွေကျပ် သိန်း ၇၀၀ ဝန်းကျင်ရှိကြောင်း ကုန်တင်ယာဉ်လောကမှ သိရသည်။

၁၂ ဘီးကုန်တင်ယာဉ်များ အင်ဂျင် ရှစ်လုံးထိုးထက် ခြောက်လုံးထိုးကို လူကြိုက်များပြီး ဈေးနှုန်းလည်းပိုပေးရကြောင်း၊ ခြောက်ဘီးကုန်တင်ယာဉ်အသစ်တစ်စီးလျှင် ပြည်ပမှ တင်သွင်းလာသော် ငွေကျပ် သိန်း ၂၅၀ ဝန်းကျင်သာရှိကြောင်း၊ ကုန်တင်ယာဉ်များ ဈေးနှုန်းကျဆင်းလာရာ ကုန်တင်ပို့သူများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိလာသဖြင့် ကိုယ်ပိုင်ကုန်ပစ္စည်း၊ ကိုယ်ပိုင်ကားဖြင့် တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ကုန်တင်ကားခဈေးနှုန်းများ မြင့်မားမှုမရှိနိုင်ဟု ဆိုသည်။

ခင်ဆိုင်

ပညာရေး စုံညီပွဲတော်ကျင်းပ

မြို့သစ် ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မကြီးကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြို့လင်းက အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစန်းက ပညာရည်ချွန်ဆုပေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားသည်ထက် မြင့်မားရေးအတွက် အကြံပြုဆွေးနွေးတင်ပြမှုများ ပြုလုပ်ခဲ့သည်။

ဇော်ဝင်း (နတ်မောက်)

အားကစားသတင်း

ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ IBTC Group of Companies မှ အဓိက ကူညီပံ့ပိုးမည့် (Myanmar Golf Tour-2013) IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ခွင့်ပြုမည်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'Cap 0-12)အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ တိတိ ပေးသွင်း၍ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားပြီး မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၊ ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း-၀၉-၄၉၁၀၂၀၀၉၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ၀၉-၄၂၀၀၇၈၃၅ တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ Professional အဆင့်နှင့် အပျော်တမ်းအဆင့်ပြိုင်ပွဲမှ အဆင့် ၂၀ အထိ ရရှိသူများသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (Myanmar Golf Tour-2013) Elite Tech Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲမှ Professional ၁၀ ဦးသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရှိုင်ရယ် မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည့် (ZAYKABAR MYANMAR OPEN 2013 Presented by Alpine) နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(ကိုအောင်)

ဂိမ်းဆိုင်များကြောင့် ပညာရေးထိခိုက်ဟုဆို

နတ်မောက် ဇန်နဝါရီ ၁၈

အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန် နီးကပ်နေပြီဖြစ်သဖြင့် ဂိမ်းဆိုင်များအား ပိတ်ထားသင့်ကြောင်း ကျောင်းသားမိဘများထံမှ သိရသည်။ ဂိမ်းဆော့ကစားခြင်းကြောင့် ဉာဏ်ရည်မြင့်မားမှုဖြစ်ပေါ်စေသော်လည်း ယခုအခါတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများသည် ကျောင်းတက်ပျက်ကွက်ပြီး ဂိမ်းဆိုင်များတွင်သာ ဂိမ်းဆော့ကစားပြီး ဂိမ်းနှင့် လောင်းကစားနေကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ကျောင်းသားမိဘများနှင့် ပညာရည်မြင့်မားရေးလိုလားသူများက ကျောင်းသားများသည် မိဘများကို ကျောင်းသွားတက်မည်ပြောပြီး ဂိမ်းဆိုင်တွင် ဂိမ်းသွားဆော့နေကြကြောင်း၊ ဂိမ်းဆိုင်များကလည်း ကျောင်းသားများကို လက်ခံကြကြောင်း၊ ဂိမ်းဆိုင်များသည် လုပ်ငန်းလိုင်စင်လည်းမရှိ၊ နိုင်ငံတော်အခွန်ဘဏ္ဍာ ထမ်းဆောင်ခြင်းလည်း မရှိကြကြောင်း၊ ကျောင်းသားများသာ ပညာရေးထိခိုက်နေကြရသဖြင့် တာဝန်ရှိသူများ သိရှိဖြေရှင်းပေးနိုင်ရန် မီဒီယာမှတစ်ဆင့် တင်ပြပေးစေလိုကြောင်း နတ်မောက်မြို့ ကျောင်းသားမိဘများထံမှ သိရှိရသည်။

(နတ်မောက်သား)

နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက်နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သမဝါယမအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောကြားစဉ်။ (ကိုရဲ)

ယူ-၁၆ ဘောလုံးအသင်း ဖွဲ့စည်းမည်

မန္တလေး ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သက်တမ်းအလိုက် လက်ရွေးစင်အသင်းများဖွဲ့စည်း၍ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ မြန်မာ့လက်ရွေးစင် ယူ-၁၆ ဘောလုံးအသင်းကိုလည်း ထပ်မံဖွဲ့စည်းသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းဖွဲ့ စည်းရေးအတွက် ပဏာမကစားသမားများ ရွေးချယ်ရေးကို မန္တလေး၊ စစ်ကိုင်း၊ မကွေး စသည့်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ လူငယ်အားကစားသမားများကို စတင်ရွေးချယ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)အနေဖြင့် မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသားဘောလုံးအသင်းအတွက် လူရွေးချယ်ပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ၌ နံနက် ၈ နာရီမှ ၁၀ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ယူ-၁၆ လက်ရွေးစင်အသင်းအတွက် အရွေးချယ်ခံလိုသော မျိုးဆက်သစ် လူငယ်ကစားသမားများသည် အမည်၊ အဖအမည်၊ အသက်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ ဘောလုံးကစားခဲ့သည့် အတွေ့အကြုံ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် စသည့်ကိုယ်ရေးအချက်အလက်များကို ဖြည့်စွက်ကာ မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီတွင် လာရောက်ရွေးချယ်ခံရမည်ဖြစ်ပြီး အရွေးချယ်ခံလိုသည့် ကစားသမားများသည် ၁၉၉၈ ခုနှစ်နှင့် နောက်ပိုင်းမွေးဖွားသူဖြစ်ရန်လိုအပ်ပြီး MFF တာဝန်ရှိသူများက အသက်မှန်ကန်မှုနှင့် ဘောလုံးစွမ်းရည်ကို စနစ်တကျစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

ရှာရာပိုဗာနှင့် ဗီးနပ်စ်ဝီလျံတွေ့ပြီ

ရုရှားနာမည်ကြီးတင်းနစ်မယ် မာရီယာရှာရာပိုဗာ **(အပေါ်ပုံ)**သည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအကျော့တွင် အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှာရာပိုဗာသည် ဂျပန်တင်းနစ်မယ် မီဆာကီဒွိုင်းအား ၆-၀၊ ၆-၀ ဖြင့်နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်လာခြင်းဖြစ်သည်။ ဗီးနပ်စ်ဝီလျံသည် ပြင်သစ်တင်းနစ်မယ် အလစ်ဇီဘော်နစ်အား ၆-၃၊ ၆-၃ ဖြင့်နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်လာသည်။ ရှာရာပိုဗာနှင့် ဝီလျံတို့သည် ရှစ်ကြိမ်မြောက် ဆုံတွေ့မှုဖြစ်သည်။ ရှာရာပိုဗာသည် ၂၀၀၈ ခုနှစ်က ဩစတြေးလျအိုးပင်းဖလားကို နောက်ဆုံးဆွတ်ခူးထားသည်။

ကွင်းလယ်ကစားသမားဖလက်ချာ ရာသီကုန်အထိနား

မန်ယူနာမည်ကြီး ကွင်းလယ်ကစားသမား ဒါရင်ဖလက်ချာသည် နာတာရှည်ရောဂါခံစားနေရ၍ ခွဲစိတ်ကုသခံယူရမည်ဖြစ်သဖြင့် ရာသီကုန်သည်အထိ အနားယူရတော့မည်ဖြစ်ကြောင်း မန်ယူကလပ်က ကြေညာသည်။

အသက် ၂၈ နှစ်ရှိ စကော့တလန်အသင်းခေါင်းဆောင် ဖလက်ချာသည် ယခုနှစ်ရာသီတွင် မန်ယူနှင့်စကော့တလန်အသင်းအတွက် ၁၃ ပွဲသာကစားပေးနိုင်ခဲ့သည်။

ဝေါကော့သ်အား အာဆင်နယ်စာချုပ်ရန်သေချာ

အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်အား ၄င်းကလပ်က ပြန်လည်စာချုပ်ရန် ၉၉ ရာခိုင်နှုန်းသေချာနေကြောင်း နည်းပြဝင်းဂါးက ပြောသည်။ ၄င်းအား ယခုသီတင်းပတ်ကုန်ပိုင်းတွင် စာချုပ်သစ်ချုပ်ဆိုနိုင်လိမ့်မည်ဟု နည်းပြဝင်းဂါးက ဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ပရဟိတကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ(ဘ/က)၊ (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး၊ ကလေး ၃၅ ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ကလေးပေါင်း ၂၅၄ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရပါသည်။

အထူးသဖြင့်ကလေးများအတွက် ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်များလိုအပ်ခြင်း၊ အဝတ်အစားနှင့် စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၄၉၃၁၅၃၇၀၊ ၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး (ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် ပင်ရင်းထီဆိုင်ကြီး)၊ အမှတ် (၁၆၈/၁၈၈)၊ အခန်း (၄)၊ ၂၇ လမ်း(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈၊ ၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀၊ ၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ကားရောင်းမည်

Toyota Mark II, Model-2004
(35th Anniversary)
၄ဂ/...(ငွေမှင်ရောင်)
(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၁၂၄၉၂၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားမှတ်ပုံတင်လက်မှတ် ၁၃/ကခန(နိုင်)၀၆၃၂၉၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးမြင့်ကျော်
ဖုန်း-၀၉-၂၀၃၂၃၄၅၊ ၀၁-၆၆၆၂၈၈

ဂါရဝပြုဆုတောင်းခြင်း

စိတ်သဘောထားဖြူစင်မြင့်မြတ်သော ကျေးဇူးရှင်ဆရာတော် (ချင်းတောင်တန်းသာသနာပြု) ဒေါက်တာအရှင်တေဇောသာရအား နိုင်ငံတော်မှချီးမြှင့်ဆက်ကပ်သော **ဓမ္မကထိကဗဟုဇနဟိတဓရ**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ချီးမြှင့်ခံရသည့်အတွက် သာဓုခေါ်ဝမ်းမြောက်မိပါသည်။ သာသနာအကျိုး၊ ဘာသာအကျိုး၊ လူသားတို့၏ ကောင်းကျိုးကျန်းမာစွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဂါရဝပြုဆုတောင်းလျက်။

တပည့် ဒါယကာ ဒါယိကာမများ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ ပေါင်းလောင်း(၃)၊ မြေကွက်အမှတ် (၁၀၀၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်ဇောလင်းအမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးကျော်မင်းသူ (အထူးကိုယ်စားလှယ်လွှဲစာရသူ) ၈/မဘန(နိုင်)၁၀၀၅၄၄ (ဘ) ဦးညွန့်လှိုင် ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

မနန်းခွာညိုစိုးလင်း ၁၂/လမန(နိုင်)၁၂၉၈၇၄နှင့် အများသိစေရန်ကြေညာခြင်း

ဦးအောင်နေဝင်း ၁၁/စတန(နိုင်)၀၅၆၅၇၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် (၁၉)နေ ဦးစိုးလင်း (ဆည်မြောင်းဦးစီးဌာန၊လှည်းကူး)-ဒေါ်နန်းလောင်ခမ်းတို့၏သမီး မနန်းခွာညိုစိုးလင်းနှင့် ၄-၈-၂၀၀၉ ရက်တွင် နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ခဲ့ကြပြီးနောက် သားတစ်ဦး ထွန်းကားခဲ့ပါသည်။

ကျွန်ုပ်အမှုသည်ဦးအောင်နေဝင်း ဇနီးမနန်းခွာညိုစိုးလင်းနှင့် သားဖြစ်သူတို့သည် ရန်ကုန်မြို့ရှိ ဇနီး၏မိဘများထံတွင် လာရောက်နေထိုင်နေစဉ်အတွင်း မနန်းခွာညိုစိုးလင်းမှ ကျွန်ုပ်၏အမှုသည်အား အကြိမ်ကြိမ်အကြောင်းအမျိုးမျိုးပြ၍ ပြဿနာရှာခဲ့ပြီးနောက် ၂-၁-၂၀၁၃ရက်တွင် ကျွန်ုပ်အမှုသည် အလုပ်သွားနေစဉ် ကျွန်ုပ်အမှုသည်ရှာဖွေစုဆောင်းခဲ့သည့် ငွေကြေး၊ ရွှေထည်များနှင့် သားဖြစ်သူ ရှိုင်းနေဝင်းတို့ကိုပါ ခေါ်ဆောင်ထွက်သွားခဲ့ပါသည်။

မနန်းခွာညိုစိုးလင်းအနေဖြင့် ယခင်ကလည်း ၄င်းမိသားစု၏အကူအညီဖြင့် နေအိမ်မှထွက်ခွာသွားခဲ့သည်များလည်း ရှိခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်အမှုသည်မှ ပြန်လည်လက်ခံထားခဲ့ပါသည်။

ယခုကဲ့သို့ မနန်းခွာညိုစိုးလင်းအနေဖြင့် ကျွန်ုပ်အမှုသည်အား အကြိမ်ကြိမ်စိတ်ငြိုငြင်စေရန်ပြုမူနေမှုနှင့် သားဖြစ်သူရှိုင်းနေဝင်းအား ခေါ်ဆောင်သွားမှုနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက်ဖြေရှင်းရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဟသ်ာတဦးခင်ဇော်	**ဒေါ်ခင်ချစ်ချစ်ဇော်**
LL.B, D.B.L, D.L.P	**LL.B, D.B.L, D.I.L, D.L.P**
WIPO (Switzerland)	**WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၅၃)	**အထက်တန်းရှေ့နေ(စဉ်-၂၆၃၈၁)**

အမှတ်၅၈၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၄၅၁၀၂၊ ၀၉-၄၃၁၀၆၇၂၅၊၀၉-၄၂၀၁၅၇၆၅၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၃လမ်း၊ မြေကွက်အမှတ် ၂-က၊ ၂၅ပေ×ပေ၄၀ရှိသောမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နှစ်ထပ်အုတ်-ပျဉ်နေအိမ်ကိုပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမျိုးဝင်း ၁၂/သဃက(နိုင်) ၁၄၂၈၂၆၊ ဒေါ်တင်တင်ဌေး ၁၂/သဃက(နိုင်)၀၇၃၇၆၁တို့ထံမှ ဒေါ်ဆန်းဆန်းဦး ၁၁/စတန (နိုင်)၀၅၅၃၆၅က အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုလုပ်သောမြေ၊ နေအိမ်နှင့်ပတ်သက်၍ အခြားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း စာချုပ်၊ စာရွက်၊စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်သိန်းကျော် LL,B
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၆၇၃)
Legal Advisor of Expert Real Estate Service
တိုက်အမှတ် ၃၃၉၊ ပထမထပ်၊ ၁၅၇လမ်းနှင့် ကျိုက္ကဆံလမ်းမထောင့်၊
တာမွေမီးပွိုင့်ထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၄၉၇၀
အိမ်၊ မြေ၊ ရောင်း၊ ဝယ်၊ ငှား၊ ပေါင်အတွက် မှားယွင်းမှုမဖြစ်ရအောင် တံဆိပ်ခေါင်းအက်ဥပဒေ၊ စာချုပ်စာတမ်းဥပဒေတို့နှင့်အညီ ပြုလုပ်လိုပါက ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ ရွှေမေတ္တာ(၂) အိမ်ရာ၊ တိုက်(B)၊ အခန်း ၀၀၂ ကို မူလ အမည်ပေါက်ပိုင်ရှင် ဒေါ်တင့်တင့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးရန်သိန်း ၉/မရတ(နိုင်) ၀၄၄၀၂၁၊ ဒေါ်ခင်စန်း ၉/မရတ(နိုင်) ၀၄၄၀၂၂က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

နိုင်ငံတကာ အားကစား

အဝေးကွင်းမှာ ပွဲကျပ်ပြီး ခြေကုန်ထုတ်ရမယ့် မန်ယူ

မောင်မောင်မြင့်ဆွေ-ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ကို ဇန်နဝါရီ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်တာမို့ အက်ဖ်အေဖလားပြန်ကန်ပွဲတွေကြောင့် ပွဲပန်းနေတဲ့ ထိပ်တန်းအသင်းတွေဟာ သက်ပြင်းမချနိုင်ဘဲ ပရီမီယာလိဂ်ပွဲစဉ်တွေကို ဆက်လက်ဆင်နွှဲရဦးမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာ ထိပ်တန်းအသင်းကြီးတွေ ပွဲကျပ်နေပေမယ့် မန်စီးတီးတို့က အိမ်ကွင်းမှာ ဖူလ်ဟမ်နဲ့ကစားရမှာမို့ စိတ်သက်သာမှု ရနိုင်မယ့်အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရဲ့ ပွဲရလဒ်တွေ ဘယ်လိုထွက်ပေါ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပရိသတ်တွေ ရင်ခုန်နေမှာတော့ အမှန်ပါပဲ။

စပါးနှင့်မန်ယူ

ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးတို့ ကျူပီအာကွင်းမှာ ဂိုးမရှိသရေ ဖြစ်ထားတာမို့ ဒီပွဲမှာ အမှတ်ပြည့်ရရှိရေးအားထည့်ရမှာ ဖြစ်ပါတယ်။ မန်ယူတို့ကလည်း ပွဲတိုင်းနီးပါးနိုင်ပွဲရအောင်ကြိုးစားနေတာမို့ အဝေးကွင်းဆိုပေမယ့် သုံးမှတ်အပြည့်ရယူရေး အမာခံကစားသမားတွေ အကုန်ထုတ်သုံးပါလိမ့်မယ်။ မန်ယူက စပါးကို အကြိတ်အနယ်ကစားရဖို့ ရှိနေပြီး ဗန်ပါစီနဲ့ ဟာနန်ဒက်ဇ်တို့အတွဲကို ပွဲထုတ်ပြီး ရွှန်နေပါ ကစားနိုင်ခဲ့ရင်တော့ ထက်မြက်တဲ့ မန်ယူတိုက်စစ်ဟာ အရည်အသွေးမကျဆင်းနိုင်ပါဘူး။ စပါးဟာ အသင်းလိုက် ကစားအားကောင်းတဲ့အပြင် ထူးချွန်ပြီး ခြေစွမ်းပြနိုင်တဲ့ ကစားသမားတွေရှိနေတာမို့ မန်ယူတို့ ခက်ခက်ခဲခဲဖြတ်ကျော်ဖို့ ရှိနေတာတော့အမှန်ပါပဲ။

ချယ်လ်ဆီးနှင့် အာဆင်နယ်

နည်းပြဘင်နီတက်ဇ်အတွက်တော့ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်ရခြင်းဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ နိုင်ပွဲတွေဆက်တိုက်ရယူနေတာမို့ အာဆင်နယ်တို့ သတိထားရမှာဖြစ်ပါတယ်။ အာဆင်နယ်တိုက်စစ်မှူးတွေက ခိုင်မာတဲ့ချယ်လ်ဆီးနောက်တန်းကို ဘယ်လိုပုံစံမျိုးနဲ့ ဖြတ်ကျော်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ အိမ်ရှင်တို့ အားသာချက်ရှိတာအမှန်ဖြစ်ပေမယ့် အာဆင်နယ်ရဲ့ခြေစွမ်းကိုလည်း လျှော့တွက်လို့တော့မရပါဘူး။

မန်စီးတီးနှင့်ဖူလ်ဟမ်

မန်ယူကို ဖိအားပေးနိုင်ဖို့အတွက် ဖူလ်ဟမ်ကို အဖြည့်ခံအဖြစ်သဘောထားရင်တော့ မန်စီးတီးတို့ ခံစားသွားရနိုင်ပါတယ်။ မန်စီးတီးရဲ့ တိုက်စစ်ထက်မြက်သလို ဖူလ်ဟမ်တိုက်စစ်ကလည်း မထင်မှတ်တဲ့ရလဒ်တွေ ဆောင်ကြဉ်းနိုင်နေပါတယ်။ မန်စီးတီးရဲ့ သိပ်သည်းခိုင်မာတဲ့ခံစစ်ကြောင်းကိုတော့ ဖူလ်ဟမ်တိုက်စစ်မှူးတွေ ဖြတ်ကျော်ဖို့ သိပ်တော့ မလွယ်ပါဘူး။ ဒါပေမယ့် အမှတ်လိုအပ်နေတဲ့ မန်စီးတီးဟာ ဒီပွဲကို အနိုင်ရလဒ်ကလွဲပြီး ဘာမှရယူမှာ မဟုတ်တဲ့အတွက် အသေအချာပြင်ဆင် ကစားမှာဖြစ်တာမို့ မန်စီးတီးပရိသတ်တွေ စိတ်သက်သာရအောင် ကစားပါလိမ့်မယ်။

လီဗာပူးနှင့်နော့ဝှစ်

လီဗာပူးတို့ ရှုန်းကန်ရဦးမယ့်ပွဲ ဖြစ်ပါတယ်။ ခြေစွမ်းတက်ရိပ်ပြနေတဲ့ လီဗာပူးဟာ အိမ်ကွင်းမှာ နော့ဝှစ်ကို အမှတ်တစ်မှတ်မှ ပေးမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးကို ရှုံးပွဲကြုံထားပေမယ့် တိုက်စစ်မှူးကောင်းရှိနေတဲ့ လီဗာပူးအတွက်ကတော့ နော့ဝှစ်ကို အမှတ်မပေးဘဲ အိမ်ပြန်လွှတ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ အိမ်ရှင်ပရိသတ်တွေအတွက် ပျော်ရွှင်စရာရလဒ်တွေ ကြုံတွေ့ခံစားရနိုင်တဲ့ အနေအထားပါပဲ။

ဆောက်သမ်ပတန်နှင့်အဲဗာတန်

အဲဗာတန်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ခြေစွမ်းပြကစားနိုင်တဲ့အသင်းထဲမှာ ပါဝင်ပြီး ခံစစ်ကြောင်း လုံခြုံမှုရှိတဲ့အသင်း ဖြစ်ပါတယ်။ အဲဗာတန်တိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်သူတွေ ဖြစ်တာမို့ ခံစစ်အားနည်းတဲ့ ဆောက်သမ်ပတန်အသင်းကို ခြိမ်းခြောက်နိုင်ပါလိမ့်မယ်။ အဲဗာတန်ဟာ ဒီပွဲမှာ အမှတ်ရရှိရေးအတွက် အမာခံကစားသမားတွေနဲ့အတူ ဆောက်သမ်ပတန်ကို ချီတက်လာမှာ ဖြစ်ပါတယ်။

ဝက်စ်ဘရွန်းနှင့်ဗီလာ

တန်းဆင်းဇုန်နားက ဝေးကွာအောင် ဗီလာတို့ အပြင်းအထန်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်ပရီမီယာလိဂ်မှာ အဆိုးရွားဆုံး ခံစစ်ကြောင်းရှိနေတာမို့ ဝက်စ်ဘရွန်းတိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ရှုံးပွဲ ဆက်တိုက်ကြုံတွေ့ထားရတဲ့ ဝက်စ်ဘရွန်းဟာ ဒီပွဲမှာလည်း ဗီလာရဲ့ ပြင်းထန်တဲ့ထိုးဖောက်ကစားမှုမှ အမှတ်တွေ ပေးရနိုင်ပါတယ်။

ဆွမ်ဆီးနှင့်စတုတ်

ဆွမ်ဆီးနဲ့ စတုတ်တို့က ခြေစွမ်းကွာခြားကြသူတွေမဟုတ်တာကြောင့် ဒီပွဲဟာ အကြိတ်အနယ်ပွဲကောင်း ဖြစ်ပါတယ်။ ဆွမ်ဆီးတို့က တိုက်စစ်၊ ခံစစ်မျှတအောင် ကစားနိုင်ပြီး ရလဒ်ကောင်းအောင်လည်း ကြိုးစားနိုင်သူတွေဖြစ်ပါတယ်။ စတုတ်တို့ကလည်း ခံစစ်ပိုင်းမာကျောပြီး အမှားအယွင်းနည်းကြသူတွေဖြစ်တာမို့ ဒီပွဲဟာ နှစ်ဖက်ပရိသတ်တွေအတွက် အမှတ်တွေ ကိုယ်စီပိုက်ပြီး အိမ်ပြန်ရနိုင်တဲ့အနေအထားမျိုးလည်း ဆိုက်ရောက်သွားနိုင်ပါတယ်။ ။

အားကစားသတင်း အတိုအထွာ

❏ ရက်ဒင်းနည်းပြမက်ဒါမော့က ယခုဇန်နဝါရီကုန်တွင် အသင်း၌ ကစားသမားသစ်အများအပြားကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❏ စပါးဂိုးသမား ဂိုမက်စ်သည် အသင်း၌ ဆက်လက်နေရန် ဆုံးဖြတ်ချက်မချရသေးကြောင်း၊ အသင်းမှ ထွက်ခွာလိုသော ဆန္ဒလည်းရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

❏ နာပိုလီအသင်းမှ တိုက်စစ်မှူး ကာဗာနီအား အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❏ ဂါလာတာစာရေးအသင်းက ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ခေါ်ယူရေးဆွေးနွေးလျက်ရှိသည်။

❏ ဆန်းဒါးလန်းအသင်းသည် ဆွမ်ဆီးကစားသမား ဂရာဟမ်အား ခေါ်ယူရေး ကြိုးစားလျက်ရှိသည်။

❏ ရှော်လ်ကေးအသင်းမှ ကစားသမားများကို တစ်ဦးမျှ ထုတ်ရောင်းမည်မဟုတ်ကြောင်း ရှော်လ်ကေးကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

❏ လိုင်ယွန်အသင်းမှ ကစားသမား ဂိုရာကာ့ဖ်အားအာဆင်နယ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှု ပြုလုပ်လျက်ရှိသည်။

❏ ဆောက်သမ်ပတန်အသင်းမှ နောက်ခံလူဒန်ဆီးတွမ်အား ဘရွန်မောက်အသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❏ နည်းပြဟောင်း မော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီ၌ ချယ်လ်ဆီးနည်းပြအဖြစ် ပြန်ရောက်လာဖွယ်ရှိကြောင်း မီဒီယာများက ဖော်ပြလျက်ရှိသည်။

❏ ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား အသက် ၃၂ နှစ်အရွယ်ရှိ မာလူဒါအား အသင်း၌ ဆက်လက်ထားရှိရန် သို့မဟုတ် ပြောင်းရွှေ့ခွင့်ပြုရန် ဆွေးနွေးလျက်ရှိသည်။

❏ ဖူလ်ဟမ်အသင်းနည်းပြမာတင်ဂျိုးက ဘယ်လ်ဂျီယံကွင်းလယ် ကစားသမား ဝါရီဂမ်အား ခေါ်ယူရေးကြိုးစားလျက်ရှိသည်။

❏ ရှော်လ်ကေးအသင်းမှ အသက် ၂၂ နှစ်အရွယ် တိုက်စစ်မှူး ဟိုဘီအား စပါးအသင်းက ခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိသည်။

❏ ဆန်းဒါးလန်းအသင်းမှ တိုက်စစ်မှူး ဆာဟာသည် အသင်းမှ ထွက်ခွာလိုသောဆန္ဒ ပြင်းပြလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၁၁၊ လေးလွှာတိုက်ခန်း၊ ဧရိယာပေ(၂၀×၄၅)တိုက်ခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်း(ကြိုးဖုန်း) အမှတ် ၅၅၄၅၀၉၊ ရေမီတာ၊ မီးမီတာနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူ ဒေါ်စိုးစိုးမာ ၁၂/ဥကတ(နိုင်)၁၀၉၉၀၂ ထံမှ ကျွန်မ ဒေါ်ခင်သီတာ ၁၂/သဃက(နိုင်)၀၈၄၉၁၀ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်သီတာ ၁၂/သဃက(နိုင်)၀၈၄၉၁၀၊ ဖုန်း-၀၉-၇၃၉၀၃၂၅၅**

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၆) ဗိုလ်ကုန်းအရှေ့ပိုင်းရပ်၊ ဦးပိုင်အမှတ်(၄/၃)၊မြေကွက်အမှတ် (၁၃/၁၃၇)၊ မြေဧရိယာ(၀ဒသမ၀၉၈၃ဧက၊ အရှေ့လားသော် မြေကွက်အမှတ်(၁၀)၊ အရှေ့မြို့ပါတ်လမ်း၊ အနောက်လားသော် မြေကွက်အမှတ်(၁၃/၁၃၈)၊ တောင်လားသော် မြေကွက်အမှတ်(၁၁)၊ မြောက်လားသော်မြေကွက်အမှတ်(၁၃) အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ယဉ်သန်းစိုး ၅/တမန(နိုင်)၀၃၄၅၉၇ ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် လွှဲပြောင်းဝယ်ယူသွားရန် အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု ပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးလှိုင်(LL.B)(စဉ်-၃၃၂၁၁) **ဦးကျော်ငြိမ်း(B.A,LL.B)(စဉ်-၁၅၉၄)**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ်(၃၀)၊ဂေါ်သဇင်လမ်း၊ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
ဖုန်း-၀၉-၄၃၀၂၈၁၇၀၊၀၅၂-၂၀၀၉၉၄

ပျောက်ဆုံးကြောင်း

မောင်ဇာနည်မင်း ၁၂/စခန(နိုင်)၀၇၅၁၈၃၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၆၇၁၁၄

အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးဆွေမင်းဦး ၅/ရဥန(နိုင်)၀၇၂၆၉၀ နှင့် ဇနီးဖြစ်သူ ဒေါ်သဇင်သိမ့် ၁၀/မလမ(နိုင်)၁၈၇၀၂၅ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားတစ်ဦး(မောင်ရဲသွေးခန့် အသက်(၁၀)လ ထွန်းကားခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်နှင့်အတူ နေစဉ်ကာလအတွင်း၌ ၎င်းသည် ကျွန်ုပ်၏ပြောဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ ၎င်း၏ စိတ်ဆန္ဒသဘောထားအတိုင်း ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ ခွင့်မလွှတ်နိုင်သည့် အမှားများအား အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ၃-၁-၂၀၁၃ ရက်တွင် ဇနီးဖြစ်သူ ဒေါ်သဇင်သိမ့် ၁၀/မလမ(နိုင်)၁၈၇၀၂၅၊ သားဖြစ်သူ မောင်ရဲသွေးခန့် အသက်(၁၀)လ၊ ဇနီးဖြစ်သူ၏ မိခင် ဒေါ်တင်တင်နု(ကျွန်ုပ်၏ယောက္ခမ)တို့သည် ကျွန်ုပ်အား လုံးဝအသိပေးခြင်းမရှိဘဲ နေအိမ်မှ ၎င်း၏ စိတ်ဆန္ဒသဘောဖြင့် ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ဇနီး ဒေါ်သဇင်သိမ့် ၁၀/မလမ(နိုင်)၁၈၇၀၂၅အား ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားကိစ္စရပ်အဝဝမှာ ကျွန်ုပ်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဆွေမင်းဦး ၅/ရဥန(နိုင်)၀၇၂၆၉၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများ၏ ခွဲကျောက်ထုတ်လုပ်ခြင်း၊ တမံဖို့ကျောက်ထုတ်လုပ်ခြင်း၊ မြစ်သဲ၊ မြစ်ကျောက်စုဆောင်းခြင်း၊ မြေကြီး၊ ကျောက်သားတူးဖော်ဖယ်ရှားခြင်း၊ တမံအောက်ခြေ ဘိလပ်မြေဖိသွင်းခြင်းနှင့် အခြားလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ အပါအဝင် တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲပါရှိရမည့် အချက်အလက် အသေးစိတ်အား ၂၅-၁-၂၀၁၃ရက် ညနေ ၄နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါရုံးဌာနခွဲတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီသည် တင်ဒါတင်သွင်းရာတွင်ပါရှိရမည့် ကုမ္ပဏီ Profile နှင့် အခြားလိုအပ်သော အချက်အလက်များအား ပြည့်စုံစွာ ဖော်ပြလျက် ၂၈-၁-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၄-၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး မွန်းလွဲ ၂နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၈၀၊ ၀၆၇-၄၁၁၀၇၀၊ ဖက်စ်-၀၆၇-၄၁၁၁၈၀



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် လယ်ဝေးမြို့၊ အမှတ် ၁ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/စက်စုရပ်၊ ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ အစိုးရဂ့ိုဒေါင်မြေ အမည်ပေါက်အား မူလက ဒေါ်ရွှေ(အဖ)ဦးဘိုးသော် ပိုင်ဆိုင်သည့် ဘိုးဘပိုင်မြေဖြစ်၍ မူလပိုင်ရှင် ဒေါ်ရွှေအမည်ဖြင့် ပြန်လည်၍ အမည်ပြောင်းလဲပေးပါရန် ဒေါ်ရွှေ၏ မြေးများကိုယ်စား အထွေထွေကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့် (အဖ)ဦးတင်ဖေ ၉/မခန(နိုင်)၀၁၇၂၆၆ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီအမိန့်များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (သကမ-၁၄ တိုးချဲ့)၊ မြေကွက်အမှတ် ၁၃၁၃၊ အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ ဦးအောင်စိန် အမည်ဖြင့် ချထားပေးခဲ့သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ နှစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်များနှင့် လက်ဝယ်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးဝင်း ၁၄/ဘကလ(နိုင်)၀၀၆၄၀၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စအပေါ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးခင်မောင်ညွှန့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၇၂)
အမှတ်-၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ ၁၄/၅ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၈၁၉၁၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် ၁၂၀ရှိ နှစ်ခန်းတွဲ ခြောက်ထပ် RC ကန်ထရိုက်တိုက်မှ တတိယထပ် လေးလွှာဟုခေါ်တွင်သော တိုက်ခန်း တစ်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချသူ ဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)၀၆၅၄၆၇က ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၈၈၀)
အမှတ် -၇၃၄၊ ဗိုလ်တေဇ(၁၀)မိုင်၊
စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၉၃၄၇၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျဉ်းမနားဘူတာတွင် ဘူတာစဉ်အမည်အား မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ချိတ်ဆွဲတပ်ဆင်ညွှန်ပြထား

ပျဉ်းမနား ဇန်နဝါရီ ၁၈

ပျဉ်းမနားဘူတာတွင် ဘူတာအလယ်ဝင်ပေါက်၌ ခရီးသည်များ ဘူတာစဉ်အမည်ကို သိရှိရန်အတွက် ဘူတာစဉ်အမည်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် တပ်ဆင်ချိတ်ဆွဲမှုကို ဇန်နဝါရီ ၉ ရက်က မြန်မာ့မီးရထား (မြို့ပြ) အင်ဂျင်နီယာဌာန ပျဉ်းမနားရုံးမှ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ရှိ နေပြည်တော်ဘူတာသစ်ကြီးကို ၂၀၀၉ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ဘူတာသစ်ကြီးတွင် ရထားရပ်တန့်မှု၊ ခရီးသည်တင်၊ ချလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပျဉ်းမနားဘူတာကြီးတွင် ရထားရပ်တန့်မှု၊ ခရီးသည်တင်ချမှုများ မပြုလုပ်တော့ဘဲ နေပြည်တော်ဘူတာသစ်ကြီးသို့ ပျဉ်းမနားဒေသခံများ သွားရောက်စီးနင်းရသည့်အတွက် ခရီးစဉ်မချောမွေ့သဖြင့် ပျဉ်းမနားဘူတာတွင် ရပ်တန့်စီးနင်းလိုသော ဒေသခံများ၏ တောင်းဆိုချက်အရ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ တင်ပြခဲ့ကြသည်။ ထို့ကြောင့် ပျဉ်းမနားဘူတာ ဟောင်းတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ အမှတ်(၅)အဆန်၊ အမှတ် (၆) အစုန် ရန်ကုန်-မန္တလေး အမြန်ရထားကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှစတင်၍ အမှတ်(၁၀၇) အဆန်၊ အမှတ်(၁၀၈)အစုန် နေပြည်တော်-ပုဂံ အမြန်ရထားကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ အမှတ်(၇) အဆန်၊ အမှတ် (၈)အစုန် ရန်ကုန်-နေပြည်တော် အမြန်ရထားကို လည်းကောင်း၊ ထို့အပြင် အမှတ်(၃၁)အဆန်၊ (၃၂)အစုန် ရန်ကုန်-နေပြည်တော် ရထားများကိုပါ ပျဉ်းမနားဘူတာတွင် ရပ်တန့်၍ ခရီးသည် တင်၊ ချလုပ်ငန်းများ ဆောင်ရွက်ပေးသောကြောင့် ပျဉ်းမနားဘူတာတွင် ယခင်ကဲ့သို့ ခြောက်ကပ်မှု မရှိတော့ဘဲ ခရီးသည်အဝင်အထွက်များဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ဘူတာစဉ်အမည်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ချိတ်ဆွဲထားသည့်အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များကိုကူညီပါ Warmly Welcome & Take Care of Tourists ဟူသော မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ ဗွီနိုင်းပိုစတာကိုလည်း ခရီးသွားများ မြင်သာစေရန် အောက်ခံအပြာရောင်ပေါ်တွင် အဖြူရောင်စာလုံးဖြင့် မြန်မာ့မီးရထား(မြို့ပြ) အင်ဂျင်နီယာဌာန ပျဉ်းမနားရုံးက ပျဉ်းမနားဘူတာတွင် တပ်ဆင်ထားကြောင်း တွေ့မြင်ရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်သူများအတွင်း ကွင်းဆင်းဆေးကုသ

ကနီ ဇန်နဝါရီ ၁၈

ပြည်သူဗဟိုပြု ကျန်းမာရေး ကွင်းဆင်းဆေးကုသမှုကို စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ဆွေဇင်ဦး၊ မြို့နယ်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီနှင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၃) ရက်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ကြီးရွယ်အို ဘိုးဘွားများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပြုလုပ်ခဲ့သည်။ကွင်းဆင်းဆောင်ရွက်မှုတွင် သက်ကြီးရွယ်အိုဘိုးဘွား ၃၉ ဦးအား ကျန်းမာရေးစစ်ဆေးခြင်း၊ အားဆေးများလှူဒါန်းခြင်းများ ဆောင်ရွက်ပြီး လစဉ် လပြည့်၊ လကွယ်ရက်များတွင် ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့နှင့်ပြည်သူများက လှူဒါန်းသောဆေးများဖြင့် အခမဲ့ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အသက် (၇၉)နှစ်ရှိအဘွား ဒေါ်စံက "အဘွားတို့ ဒီအရွယ်ရောက်မှ အခုလို အပြောင်းအလဲတွေတွေ့ရ၊ ဒေသ အရောက် ဆရာဝန်များနဲ့အခမဲ့ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပြုကြတဲ့ အတွက်ဝမ်းသာပါတယ်။ အားလည်း ရှိလာတယ်"လို့ ပြည်သူကြားမှ ရင်တွင်းစကား ကြားသိခဲ့ရသည်။ **(ကနီ ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ၃၃ကေဗွီလိုင်း ဓာတ်အားလိုင်းကြိုးခိုင်မှုရှိစေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန် ခရိုင်/မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဟန်ဝင်းနောင်က ကြီးကြပ်၍ အဆင့်မမီကွန်ကရစ်တိုင်များအား ၁၀ မီတာ ကွန်ကရစ်တိုင်ဖြင့် ဇန်နဝါရီ ၁၀ ရက်က လဲလှယ်ဆောင်ရွက်နေစဉ်။(မြန်မာ့အလင်း)

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်မှု စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာ

ရန်ကုန် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၂ ရက် ကရင်နှစ်သစ်ကူး၊ ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေ) ပိတ်ရက်များအလွန် ဖွင့်ရက်ဖြစ်သော ဇန်နဝါရီ ၁၄ ရက် (တနင်္လာ)နှင့် ဇန်နဝါရီ ၁၅ ရက် (အင်္ဂါ)နေ့တို့တွင် ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံဝင်းအတွင်း နေ့တစ်ဝက်ကျော်ကြာသော ယာဉ်ပိတ်ဆို့မှုနှင့် ထပ်မံကြုံတွေ့ရသည်ဟု ပွဲရုံဝင်းလုပ်ငန်းရှင်များကဆိုသည်။

နံနက် ၁၁ နာရီမှ ည ၈ နာရီဝန်းကျင်အထိ ယာဉ်ပိတ်ဆို့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများထပ်မံကြုံတွေ့လာရကြောင်း၊ ရန်ကုန်မြို့တွင် လှည်းတန်း၊ ရွှေဂုံတိုင်၊ မြေနီကုန်း၊ တာမွေစသော လမ်းဆုံများတွင် ဖြစ်ပေါ်သော ယာဉ်ပိတ်ဆို့မှုနှင့် သဘာဝချင်းမတူသော ပွဲရုံဝင်းယာဉ်ပိတ်ဆို့မှုကို ဖြစ်ရိုးဖြစ်စဉ်ဟု သဘောမထားဘဲ ဖြေရှင်းပေးရန် ပွဲရုံဝင်းနေ လူအများက ဆိုပါသည်။

ယာဉ်စီးရေ ခြောက်သန်းရှိသော ဗန်ကောက်မြို့တော် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်စီးရေနှစ်သိန်းခွဲကျော်ရှိသော ရန်ကုန်မြို့တော် ယာဉ်ကြောပိတ်ဆို့မှုကို နှိုင်းယှဉ်ကြည့်လျှင် စည်းကမ်းမဲ့မောင်းနှင်မှု၊ လမ်းကျူးအသုံးပြုမှု စည်းကမ်းမဲ့မှုများအပေါ် ထိရောက်စွာ အရေးယူမှုအားနည်းခြင်းတို့ကို မြင်တွေ့နိုင်ကြောင်း၊ ယခုအခါ နိုင်ငံတော်အဆင့်မှ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကိုဖွဲ့စည်းပေးပြီးဖြစ်ရာ အဖွဲ့မှ ထိရောက်စွာလုပ်ဆောင်မှုများအပေါ် ပြည်သူများမှ အကြံဉာဏ်ပေးရန် ပြောကြားမှုများရှိကြောင်း၊ ရန်ကုန်မြို့တော်၏စီးပွားရေး အချက်အချာကျသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုကိုလည်း ထိရောက်သော ပြုပြင်ပြောင်းလဲမှု၊ အရေးယူမှုများနှင့်အတူ သက်ဆိုင်ရာမှ ဖြေရှင်းပေးသင့်ပါကြောင်း၊ ယာဉ်ပိတ်ဆို့မှုကို ဖြစ်စေသော အခြေခံအကြောင်းရင်းများကို လက်တွေ့ကျသော သုံးသပ်မှုများနှင့်အတူ ရှာဖွေဖော်ထုတ်အရေးယူခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် လုပ်ဆောင်သည့် နည်းတူ/ယာဉ်ပိတ်ဆို့မှုများကိုလည်း ထိရောက်စွာကာကွယ်တားဆီးပေးရန် လိုလားနေသည်ဟုဆိုသည်။

ခင်ဆိုင်

မိခင်ဌာနသို့ အမြန်ဆက်သွယ်နိုင်ရန်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံးမှ ဌာနစိတ်မှူးရာထူးဖြင့် ၁၆-၆-၁၉၉၈ ရက်တွင် အထူးနှစ်ပြည့်ပင်စင် ခံစားသွားသော ဦးဘအေး၏တိုးမြှင့်ပင်စင်ခံစားခွင့်အား ဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ထမ်း၏ လိပ်စာပါအတိုင်း စုံစမ်းဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရ လိပ်စာပြောင်းသွားခဲ့ပါသည်။ ယခုအခါ ပင်စင်ဦးစီးဌာနမှ ပင်စင်စားအရေးအတွက် အတိအကျလိုအပ်လျက်ရှိပါသဖြင့် မိခင်ဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၃၁-၁-၂၀၁၃ရက်မတိုင်မီ အမြန်ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၂-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၁)၊ ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ စံချိန်မီ အဆင့်(၁)မြေကွက် အမှတ်(၁၁၆၈)အမည်ပေါက်ဦးမြင့်စိုး KTN-၀၃၃၇၂၃၏မြေကွက်ကိုဝယ်ယူပိုင်ဆိုင်သူ ဒေါ်ညိုမာအေး ၁၂/ပဘတ(နိုင်)၀၀၄၂၃၀ အစား ၁၂/ပဘတ(နိုင်)၀၀၄၂၃၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း တင်ဒါပိတ်ရက်၊ရက်တိုးခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ၁၀-၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် တင်ဒါခေါ်ယူခဲ့သည့် လုပ်ငန်းများအတွက် တင်ဒါပိတ်ရက်များကို အောက်ပါအတိုင်း ရက်တိုးပါသည်-

	လုပ်ငန်းအမည်	မူလပိတ်ရက်	ရက်တိုးသည့်ပိတ်ရက်
(က)	အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်) ဆောက်လုပ်ရေးလုပ်ငန်း	၁၈-၁-၂၀၁၃	၂၅-၁-၂၀၁၃
(ခ)	ကော့သောင်း ဆီအုန်းစက်ရုံနှင့် ကော့သောင်း ဆီအုန်းခြံတို့ငှားရမ်းရန်	၁၇-၁-၂၀၁၃	၂၅-၁-၂၀၁၃

၂။ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)ဆောက်လုပ်ရေးတင်ဒါတွင် ဖော်ပြထားသည့် တင်ဒါစည်းကမ်းတွင် **တင်ဒါစည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း** ဆိုသည့်စကားရပ်မှာ **တင်ဒါတွင် မမှန်မကန်ဖော်ပြခြင်း** ဖြစ်ပါသည်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊၄၀၈၂၇၅၊၄၀၈၂၇၆၊၄၀၈၁၉၅

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၂၃

ဦးလှုပေါ် **နှင့်** ၁။ ဒေါ်ချူလေဘီ(ခ)ဒေါ်လေဘီ
၂။ ငွေဇုန်ကုမ္ပဏီလီမိတက်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ် ၆၉၊ မြေညီထပ်နေ ငွေဇုန်ကုမ္ပဏီလီမိတက်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးလှုပေါ်က တရားမကျင့်ထုံးဥပဒေပုဒ်မ-၂၄အရအမှုကို ရုံးပြောင်း၍ဆောင်ရွက်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၆ရက် မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ် ပေးလိုက်သည်။ **(သိန်းထွန်း)**

ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနေပြည်တော်(တပ်ကုန်း)ရှိ ဓာတ်အားခွဲရုံသုံး စက်ပစ္စည်းများဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လိုအပ်လျက်ရှိသော ဓာတ်အားခွဲရုံသုံးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	33/11 KV	ဓာတ်အားခွဲရုံများအတွက် လိုအပ်သောစက်ပစ္စည်းများ	1 Lot
(ခ)	33/11 KV	ဓာတ်အားခွဲရုံအတွက် VCB (Studio Complex)	1 Lot
(ဂ)	33/11 KV	ဓာတ်အားခွဲရုံအတွက် VCB (Radio Complex)	1 Lot
(ဃ)	33/11 KV	ဓာတ်အားခွဲရုံအတွက် VCB (Padaukmyay)	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁-၂၀၁၃ ၊ ၂၁-၁-၂၀၁၃ ရက်များတွင် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ ပုံစံစည်းကမ်းချက်များ စက်အမျိုးအစားနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၇၉၀၇၉၊ ၇၉၁၃၅



ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆တွင် ပါဝင်သော ရန်ကုန်ကလေးဆေးရုံကြီး၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် ဆက်သွယ်ရန်ဖုန်းနံပါတ်အား ၀၁-၂၂၀၄၂၁အစား ၀၁-၂၂၁၄၂၁ဖြင့် ပြောင်းလဲဆက်သွယ်ပါရန်။
ရန်ကုန်ကလေးဆေးရုံကြီး

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန္ဒာဦး၏ နိုင်ငံကူးလက်မှတ်(Passport)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၇၁၃၂၀**

ဆောင်းပါးနှင့် နယ်သတင်း

မဟာမြတ်မုနိဘုရားဖူးနှင့်စစ်တွေ - ရန်ကုန်ကားလမ်း

သတင်းနှင့်ဓာတ်ပုံ-ကျွန်းသားငမန်း

ဆောင်းရာသီဖြစ်၍ ခြေခင်းလက်ခင်းသာသည့် အချိန်ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် ဒီလိုရာသီတွင် မိမိတို့နှင့်နီးစပ်ရာ ဘုရားများသို့ ဘုရားဖူးသွားလေ့ရှိကြသည်။ ကျေးလက်နေပြည်သူများသည် မော်တော် ၊ စက်လှေများငှားပြီး ရွာအလိုက် စုပေါင်းကာ ညအိပ်ညနေ ဘုရားဖူးသွားလေ့ရှိကြသည်။စားစရာအတွက် ဆန်၊ ဆီ၊ ရိက္ခာများကို မော်တော်များပေါ်တွင် တင်ဆောင်လာကြပြီး ရောက်သည့်နေရာ၊ ဘုရား၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်းများရှိ သိမ်၊ ဇရပ်များတွင် တည်းခိုစခန်းချကာ နားနားနေနေ ဘုရားဖူးကြသည်။ ယခုစစ်တွေ-ရန်ကုန်ကားလမ်း ပေါက်လာသောအခါ ကားလမ်းတစ်လျှောက် ကားအသွားအလာ များပြားလာသည်။ ဒေသအခေါ် သုံးဘီးမော်တော်ဆိုင်ကယ်များကလည်း ကားလမ်းပေါ်ရှိ ကျေးရွာတိုင်းလိုလိုရှိလာပြီး ကျေးလက် သယ်ယူပို့ဆောင်ရေးကို အားဖြည့်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် အသွားအလာ လွယ်ကူလာသည်။ ယခင်က ညအိပ်ညနေ သွားရသည့် ခရီးကို နေ့ချင်းပြန်သွားနိုင်ကြသည်။ ကားလမ်းနီးသူများအနေဖြင့် ဘုရားဖူးခရီးကို နေ့ချင်းပြန်သွားနေကြပြီ။ ရခိုင်ပြည်ဒေသအနှံ့တွင် ဗျာဒိတ်ရဘုရား၊ ပုထိုးများ များပြားလှသည်။ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဓညဝတီ ရခိုင်ပြည်သို့ ကြွချီရောက်ရှိတော်မူပြီး ကျောက်တော်မြို့ တစ်ဖက်ကမ်းရှိ သေလာဂီရိကျောက်တော်တောင်၌ ခြေချရပ်နားတော်မူကာ နောင်သောအခါ၌ ရခိုင်ပြည်နယ်တစ်ခွင်မြတ်စွာဘုရားရှင်တော်မြတ်၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီ၊ ဘုရား၊ ပုထိုးများတည်ထားကိုးကွယ်ကြမည့်အကြောင်း ဗျာဒိတ်စကားမြွက်ကြားခဲ့ဖူးကြောင်း ရခိုင်သာသနာသမိုင်း၌ ပြဆိုထားရှိသည်။ သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဆိုသည်နှင့်အညီ လက်ညှိုးထိုး မလွဲသော သာသနာ သမိုင်းဝင်ဗျာဒိတ်ရဘုရားများသို့ ရခိုင်ဒေသသားတို့ ဘုရားဖူးသွားကြခြင်းဖြင့် ကုသိုလ်လည်းယူ ဒေသန္တရ ဗဟုသုတများ ဆည်းပူးလေ့လာကာ အပန်းလည်းဖြေကြခြင်းဖြစ်သည်။ စစ်တွေမြို့သူမြို့သားအများစုလည်း စနေ၊ တနင်္ဂနွေကဲ့သို့ ရုံးပိတ်ရက်များတွင် ဘုရားဖူးသွား အပန်းဖြေလေ့ရှိတတ်ကြသည်။ ရသေ့တောင်မြို့နယ် မူစဲကျွန်း ခြေတော်ရာဘုရားသို့ ရေကြောင်းဖြင့် သွားလေ့ရှိကြသကဲ့သို့ ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်ဘုရား၊ စမြုံတော်ဓာတ်နှင့် ဂူဝဘုရားများ၊ ကျောက်တော်တောင် ဘုရားနှင့် မဟာမြတ်မုနိဘုရားများသို့ အများဆုံးသွားလာဖြစ်လေ့ရှိသည်။ သည်ဘုရားများက စစ်တွေမြို့မှာ နေ့ချင်းပြန်သွားရောက် ဖူးမြော်နိုင်သည့် ဘုရားဖူးခရီးစဉ်များလည်း ဖြစ်သည်။

စာရေးသူတို့မိသားစုသည် နှစ်စဉ်နှစ်တိုင်းလိုပင် မဟာမြတ်မုနိဘုရားသို့ သွားရောက် ဖူးမြော်ဖြစ်လေ့ရှိကြသည်။ လူငယ်များစီစဉ်သည့် စုပေါင်းဘုရားဖူးကားများနှင့် လိုက်ပါခြင်းဖြစ်ပြီး လူတစ်ဦးအသွားအပြန်ငွေကျပ် ၄၅၀၀၊ ၅၀၀၀ ဖြစ်သဖြင့် သွားပျော်သည်။ စစ်တွေမှ နံနက် ၅ နာရီခွဲ၊ ၆ နာရီထွက်လျှင် မဟာမြတ်မုနိဘုရားသို့ နံနက် ၁၀ နာရီခွဲခန့်တွင် ရောက်သည်။ ဘုရားတွင် နားနားနေနေဘုရားဖူးပြီး မွန်းလွဲ ၁ နာရီခွဲ၊ ၂ နာရီခန့်တွင် ပြန်လည်ထွက်ခွာကာ လမ်းရှိ ကျောက်တော်တောင်ဘုရား၊ စမြုံတော်ဓာတ်တို့ကို ဖူးမြော်ပြီး စစ်တွေသို့ ည ၇ နာရီခန့်တွင် ပြန်ရောက်နိုင်သည့် ဘုရားဖူးခရီးစဉ် ဖြစ်သဖြင့် နိုဝင်ဘာမှစပြီး မဟာမြတ်မုနိတွင် ဘုရားဖူးခရီးသည် များပြားလှသည်။

စာရေးသူတို့ကားတွင် ဘုရားဖူးခရီးသည် ၅၀ ခန့်ပါသည်။ စစ်တွေမှ ထွက်စဉ် နံနက်အရုဏ်ဦးဖြစ်ပြီး လမ်းမီးများပင်မငြိမ်းသေး။ စစ်တွေ- ရန်ကုန်ကားလမ်းပေါ်ရှိနာရီကန်တံတားကို လွန်သည့်အခါ လယ်ကွင်းပြင်များ ယာခင်းများ စိမ်းစိုနေသော ဆောင်းသီးနှံခင်းများကိုတွေ့မြင်လာရသည်။ စစ်တွေ-ရန်ကုန်ကားလမ်းဖြင့် ခရီးသွားသူများက လမ်းကြမ်းသည်၊ လမ်းဆိုးသည်ဟု ပြောကြသော်လည်း ဒီအပိုင်းတွင် လမ်းကကောင်းသည်။ စစ်တွေ-ပုဏ္ဏားကျွန်းနယ်စပ် မင်းချောင်းတံတားလွန်တော့ စစ်တွေ-ရန်ကုန်ကားလမ်း၏ အရသာကိုတွေ့လာရသည်။ လမ်းများပြင်တုန်းပင် လမ်းဘေးဝဲယာတွင် လမ်းသားချဲ့ဖို့ကာ မြေကြီးများ ချခင်းနေဆဲရှိသည်။ မင်းချောင်းတံတားမှ အဆင်းတွင်တော့ ကားလမ်းဝဲယာတွင် ပုစွန်မွေးကန်တွေကို တွေ့ရသည်။ ပြုပြင်ထားခြင်း မရှိတော့သည့် ကန်ကောကြီးများဖြစ်နေသည်။ ပုစွန်မွေးမြူရေးလုပ်ငန်း ကျဆင်းနေခြင်းကို လျှပ်တစ်ပြက်မြင်ခဲ့ရခြင်းဖြစ်သည်။ အနီးတွင် ကဏန်းအဝယ်ဒိုင်များကို မြင်ရသည်။ ရေလုပ်ငန်းတွင် ကဏန်းများ ဝယ်ယူစုဆောင်းပြီး တရုတ်နိုင်ငံသို့ တင်ပို့ခြင်းလုပ်ငန်းမှာ ရှင်သန်ဆဲ။ ရခိုင်ရေလုပ်ငန်းစီးပွားရေး၏ မြင်ကွင်း တစ်ပိုင်းတစ်စဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့အလွန်တွင် စစ်တွေ-ရန်ကုန်ကားလမ်းသည် မူလလမ်းကြောင်းပေါ်မှသွား၍မရတော့။ မူလ လမ်းနေရာ

များတွင် လမ်းများပြန်လည်အသစ်ခင်းရန် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ပုဏ္ဏားကျွန်းမှ ယိုးတရုတ်ကျေးရွာအထိ အပိုင်းတွင် တောက်လျှောက်လိုလိုပင် လမ်းလွှဲများမှသွားနေရသည်။ သက်ဆိုင်ရာ ကုမ္ပဏီများကတစ်ကြောင်း ထိုးပေးပြီး လယ်ကွင်းပြင်များတွင် လမ်းလွှဲများ လုပ်ပေးထားသည်။ ချောမွေ့ပြေ ပြစ်ခြင်း မရှိလှ။ တစ်ကြောင်းထိုးလမ်းဖြစ်ခြင်းကြောင့် မြေကိုပြေပြစ်အောင်မညှိပေးခြင်းဖြစ်သည်။ လမ်းမကောင်းသဖြင့် ယခင် စစ်တွေ- ကျောက်တော် နှစ်နာရီခွဲခရီးကို သုံးနာရီခွဲခန့် မောင်းနေရသည်။ လမ်းဘေးဝဲယာတွင် မရိတ်သိမ်းရသေးသည့်စပါးခင်းများနှင့် ကောက်လှိုင်းစည်းများပုံထားသော တလင်းပြင်များကို တွေ့ရသည်။

စစ်တွေ-ရန်ကုန် ကားလမ်းကို ၂၀၀၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စစ်တွေမှရခိုင်ပြည်နယ် အစပ် အမ်းသို့ ၂၀၃ မိုင် ၃ ဖာလုံရှိသည်။ စစ်တွေမှ ရန်ကုန်သို့ အမ်းကိုဖြတ်၍ ၅၃၄ မိုင် ၃ ဖာလုံရှိသည်။ စတင်ဖွင့်လှစ်စဉ်က ကတ္တရာလမ်းဖြစ်သော်လည်း အချိန်ကြာမြင့်လာသည်နှင့်အမျှ လမ်းတို့၏ ထုံးစံအတိုင်း ပျက်စီးမှု များပြားလာခဲ့သည်။ ရခိုင်ပြည်နယ်အပိုင်း၌ လမ်းခင်းရာတွင် အသုံးပြုခဲ့ရသည့်ကျောက်များမှာ သက်နုကျောက်များဖြစ်သဖြင့် လမ်းများအလျင်အမြန်ပျက်စီးခဲ့ရသည့် အကြောင်းတစ်ရပ်လည်း ဖြစ်ခဲ့သည်။ မည်မျှပင်ပြင်စေကာမူ အရာမထင်။ ပြည်သူများအကြားတွင် အမြင်ကြည်လင်မှုများ မရှိခဲ့။

၂၀၁၀ ခုနှစ်တွင် စစ်တွေ- ရန်ကုန် ကားလမ်းကို အကြီးစားပြင်ဆင်ရန် စတင်ဆောင်ရွက်ခဲ့သည်။ ဆောက်လုပ်ရေးအထူးအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများအားလမ်းများကို အပိုင်းလိုက်ခွဲကာ တာဝန်ပေးအပ်ခဲ့သည်။ အမြန်ဆုံးပြီးမြောက်နိုင်ရေးအတွက် လမ်းတည်ဆောက်ရေး အဖွဲ့တစ်ဖွဲ့ချင်းကို အများဆုံး ၁၀ မိုင်ခန့်သာ လုပ်ဆောင်ရန် တာဝန်ပေးအပ်ခဲ့သည်။ လမ်းအပိုင်းရှိ သစ်သားတံတားများကို ကွန်ကရစ်တံတားများဖြင့် အစားထိုးတည်ဆောက်စေခဲ့သည်။ လမ်းအကျယ်ကိုလည်း မြေပြန့်တွင်ပေ ၅၀၊ တောင်ပေါ်လမ်းတွင် ပေ ၄၀ ရအောင် ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။ မြေသားလမ်းပင်ဖြစ်သော်လည်း လမ်းအကျယ်ရလာသဖြင့် ကားတစ်စီးနှင့်တစ်စီး ကျော်တက်ရာတွင်ဖြစ်စေ၊ ရှောင်တိမ်းရာတွင်ဖြစ်စေ အန္တရာယ်ကင်းကင်းဖြင့် မောင်းနှင်နိုင်ကြသည်။ သို့ရာတွင် လမ်းကို အပြီးသတ်တည်ဆောက်နိုင်ခြင်းမရှိသေးသည့်အတွက် မိုးတွင်းတွင် ဗွက်ရုန်းရခြင်းနှင့် နွေရာသီတွင် ဖုန်နှင့်နပန်းလုံးနေရသေးသည်။ ဘုရားဖူးကားတွင် လိုက်ပါရင်း စစ်တွေ-ရန်ကုန်ကားလမ်းအကြောင်းကို စဉ်းစားနေမိခြင်းဖြစ်သည်။ ယခု ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်ဘက် အပိုင်းမှ လမ်းများကို တိုးတက်ကောင်းမွန်အောင် ပြင်ဆင်နေပြီဖြစ်သည်။ လမ်းများတွင် ကျောက်ကြမ်း ချခင်းရုံသာမက လမ်းတစ်လမ်း၏ အင်္ဂါရပ်နှင့်ညီအောင် ကျောက်များကို အလွှာလိုက်ခင်းနေသည်ကိုတွေ့ရသည်။ အောက်ခံမြေသားများ အပေါ်တွင် ၁၀ တန်ကျော်ကားကြီးများ အထပ်ထပ်ကျော်နင်းဖြတ်ကျော်သွားပြီးဖြစ်သည့်အတွက် အမာခံရနေပြီဖြစ်ရာ နောက်ထပ်မြေသား အမာခံရအောင် စောင့်ရန်ပင်မလိုတော့ပေ။ အလွှာလိုက်ကျောက်များကို တစ်ထပ်စီ ခင်းရင်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်ပေးနေပြီဖြစ်သည်။ လမ်းခင်းသည့် ကျောက်များကိုလည်း အသားပွ သက်နုကျောက်များကို အသုံးပြုခြင်းမပြုစေတော့။ ကတ္တရာခင်းသည့်အခါ အမာခံလေးမြို့ချောင်းကျောက်များကိုသာ အသုံးပြုစေကြောင်းဖြင့်လည်း သိရသည်။ လမ်းခင်း လုပ်ငန်းဆောင်ရွက်နေကြသည့် ကုမ္ပဏီအဖွဲ့အစည်းများ၏ ကျောက်လုပ်ငန်းခွင်များတွင် ကျောက်ခွဲစက်များဖြင့် လေးမြို့ကျောက်များကို လိုအပ်သည့် အရွယ်အစားရှိအောင် ကြိတ်ခွဲ ဆောင်ရွက်နေကြသည်များကို တွေ့ရသည်။ လမ်းအလုပ်သမားများသည် နေပူသည်ကိုမမှု ၎င်းတို့၏တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နေကြသည်။ တချို့နေရာများတွင် ကျောက်ကြီးတွေချခင်းဆဲ။ တချို့နေရာများတွင်မူ လမ်းကြိတ်စက်များဖြင့် ကျောက်များကို နင်းချေဖိသိပ်နေသည်။ တချို့နေရာများတွင် ကျောက်အမာများကို ချခင်းကာ ကတ္တရာခင်းရန်အသင့်ရှိနေသကဲ့သို့ တချို့နေရာများတွင်မူ ကတ္တရာခင်းနေသည်ကို တွေ့ရသည်။ သစ်သားတံတားများနေရာတွင် သံကူကွန်ကရစ်တံတားများကို တစ်ဝက်ဖွင့်၊ တစ်ဝက်ပိတ်စနစ်ဖြင့် ဆောင်ရွက်ပေးနေသည်။ ကားများ အသွားအလာမပြတ်တောက်စေရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ လမ်းများ တည်ဆောက်ဆဲကာလတွင် လမ်းဘေး ရှောင်ကွင်းလမ်းများမှ ကားများကို မောင်းနှင်နေရသည်။ ကားနောက်တွင် ဖုန်လုံးကြီး ကတလိမ့်လိမ့်။ ကားချင်း ရှောင်ကြတိမ်းကြရသည့်အခါ ဖုန်လုံးကြီးက မိမိကားဆီသို့ ပြေးဝင်လာတတ်သည်။

ဤသည်မှာ ယာယီမျှသာဖြစ်သည်။ မကြာမြင့်မီ စစ်တွေ-ရန်ကုန် ကားလမ်းမှာ ကတ္တရာခင်းပြီးဖြစ်ပေတော့မည်။ ရခိုင်ပြည်နယ်ပို့ဆောင်ရေးဝန်ကြီးကလည်း ယခုနှစ်တွင် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုရန်ပုံငွေဖြင့် စစ်တွေမှ အမ်းအထိ လာမည့်မတ်လ နောက်ဆုံးထားပြီး ကတ္တရာခင်းပြီးဖြစ်အောင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ဝန်ကြီး၏ ပြောစကားအတိုင်း လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရသည်မှာ အားတက်ဖွယ်ရာပင်။

စာရေးသူတို့ မဟာမြတ်မုနိဘုရားသို့ ရောက်ချိန်တွင် နံနက် ၁၀ နာရီခွဲပြီ။ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေသို့ ပြန်ကြမည်ဟု ဆိုသဖြင့် ဘုရားရှေ့ရေမြောင်းတွင် ခြေလက်သန့်စင်ပြီး ဘုရားရင်ပြင်ပေါ်သို့ တက်ကာ ဘုရားဖူးကြရသည်။ ဘုရားရင်ပြင်တော်တွင် ဘုရားဖူးများပြည့်နှက်နေသည်။ ထိုင်ပြီးဝတ်ပြုကြည်ညိုနိုင်ရန်ပင် အနိုင်နိုင်ဖြစ်နေသည်။ မဟာမြတ်မုနိ ဘုရားရှေ့ရှိ ရင်ပြင်တော်ဂန္ဓကုဋိတိုက်ကို ဖွင့်လှစ်ပေးနိုင်ပါက ဘုရားဖူးပြည်သူများ စိတ်အေးသက်သာဖူးမြော်ကြည်ညိုနိုင်ကြမည်ဟု ဆန္ဒဖြစ်ပေါ်မိသည်။ စာရေးသူတို့သည် အချိန်ကြောင့် အေးအေးဆေးဆေး သက်သာဘုရားဖူးနိုင်ခြင်းမရှိ။ လူငယ်တွေက ပိုဆိုးသည်။ ဘုရားကို ပုဆိန်ပေါက်ဦးချပြီး မရောက်ဖူးသည့် ဘုရားရင်ပြင်တော်ကို သွားရောက်ကြသည်။ ဦးတော်ဆေးကန်၊ လက်ဆေးရေကန်၊ သားဆုတောင်း ညောင်ပင်၊ ဦးရဲကျော်သူ ဘုရားကြီး၊ မဟာမုနိဗုဒ္ဓပြတိုက်များကို သွားရောက်ကြ၊ အမှတ်တရ ဓာတ်ပုံရိုက်ကြနှင့်ရှိကြပေသည်။

မည်သို့ဆိုစေ စာရေးသူအနေဖြင့် မဟာမြတ်မုနိဘုရားကို ဦးခိုက်ကြည်ညိုရင်း လမ်းတွင်မြင်ခဲ့ရသည့် မြင်ကွင်းများကို ပြန်လည်စဉ်းစားမိရင်း လာမည့်နှစ်ပိုင်းတွင် စစ်တွေ-ရန်ကုန် ကားလမ်းကို အေးအေးဆေးဆေးဖြင့် စီးနင်းသွားလာအသုံးပြုနိုင်ကြတော့မည်။ တစ်နှစ်တစ်ခါ လာရောက်ခဲ့ရသည့် ဘုရားဖူး ခရီးစဉ်များတွင်လည်း အချိန်ကုန် သက်သာတော့မည်။ စစ်တွေမှ မဟာမြတ်မုနိဘုရားကြီးသို့ အချိန် နှစ်နာရီဖြင့် ရောက်ရှိနိုင်တော့မည်။ မဟာမြတ်မုနိဘုရားကြီး၏ အရိပ်အာဝါသအောက်တွင် တဝကြီး ထိုင်ပြီး ကြည်ညိုဝတ်ပြုကာ ဘာဝနာ တရားများပွားများ ရှုမှတ်နိုင်တော့မည်ဟုလည်း မျှော်လင့်ကာ ဝမ်းသာကြည်နူး ပီတိဖြစ်ပါကြောင်း ရေးသား ဖော်ပြအပ်ပါသည်။ ။

ရွှေဟောင်းမဟာမြနှင်းဆီစေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်း(မြောက်) ကျေးရွာရှိ ၁၃၁၇ ခုနှစ်မှ တည်ထားကိုးကွယ်ခဲ့သည့် မြနှင်းဆီဘုရားအား ခုနစ်ရက်သားသမီးအပေါင်းက စုပေါင်းပြုပြင်အသစ်တစ်ဖန် မွမ်းမံခဲ့သည့် ရွှေဟောင်း မဟာမြနှင်းဆီစေတီတော်မြတ်ကြီး၏ ပထမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလဆန်း ၁၃ ရက်အထိ (ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ အထိ) ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည့်အပြင် ဉာဏ်တော်အမြင့် ၆ လက်မမှ ၃၆ လက်မအမြင့်ရှိ နှစ်ကျိပ်ရှစ်ဆူကုန်သော ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖေဖော်ဝါရီ ၂၁ မှ ၂၃ ရက်အထိ တောင်ညို-လယ်ဝေး-ပျဉ်းမနားမြို့များသို့ ဒေသစာရီဖူးမြော်ခံ ကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

(ဦးရဲမင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခရိုင်နှင့်မြို့နယ်ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၅-၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၂-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁

သူငယ်ချင်းတို့
စစ်ပြီးခေတ် ဟိုက်စကူးကျောင်းသား ကျောင်းသူဟောင်းများ၏
အာစရိယပူဇော်ပွဲ

ကျောက်စိမ်းရတု (၃၅)နှစ်မြောက် ပူဇော်ပွဲကို လသာ၊ အထက(၁)၌ ၂၀-၁-၂၀၁၃ ရက်တွင် ကျင်းပမည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
25th BATCH (B.D.S)
ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(၁၉၈၇-၁၉၉၇)ခုနှစ်တွင် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း သူငယ်ချင်းများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေါက်တာကျော်ကျော်မြင့် ဖုန်း-၀၉-၅၀၁၄၄၉၃
ဒေါက်တာအောင်မင်းနိုင် ဖုန်း-၀၉-၅၀၆၉၃၂၇
ဒေါက်တာမြင့်ဌေး ဖုန်း-၀၉-၅၁၂၁၀၅၄

နေရာ ။ ။ **TRADERS HOTEL** (အင်းဝနှင့် တောင်ငူခန်းမ)
အချိန် ။ ။ ညနေ ၃ နာရီမှ ၅ နာရီအထိ
နေ့ရက် ။ ။ ၂၇-၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်နေမျိုး ၁၂/ဒပန(နိုင်)၀၄၄၆၀၄သည် မိသားစုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ငယ် ၁၂/ဒပန(နိုင်)၀၀၄၆၆၁

အသင့်နေတိုက်ခန်းများရောင်းမည်(ပွဲစားမလို)

၁။ [illegible]
၂။ [illegible]
၃။ [illegible]

ဖုန်း-[illegible]

အမည်မှန်

ဦးစိုးဝင်း၏သား ကျိုင်းတုံမြို့၊ အထက(၄)၊ဆဋ္ဌမတန်းမှ မောင်ချမ်းငြိမ်း၏အမည်မှန်မှာ မောင်ငြိမ်းချမ်း ဖြစ်ပါသည်။

မောင်ငြိမ်းချမ်း

အမည်မှန်

တောင်ကြီးမြို့၊ အမက(၄) မူလွန် ဒုတိယတန်း(ခ)မှ မောင်သုတတိုးအား မောင်ဝေလျှံပိုင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေလျှံပိုင်သန့်

အမည်ပြောင်း

ဦးမျိုးမြင့်လွင်၏သမီး၊ ကျိုင်းတုံမြို့၊ အထက(၂)၊ သတ္တမတန်း(ခ)မှ မျိုးသုသံစဉ်အား မျိုးသုသဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။

မျိုးသုသဒ္ဒါ

အမည်ပြောင်း

နေပြည်တော် ပျဉ်းမနား မြို့ဦးရပ်နေ ဦးတင့်လွင်၏သမီး မအဲ(လ်)ပိုတင့်လွင် ၉/ပမန(နိုင်)၂၁၇၆၁၁ အား မထက်အင်ကြင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထက်အင်ကြင်း

ကြော်ငြာ

အိတ်ဖွင့်လေလံတင်ဒါရောင်းချရန်ကြော်ငြာ

၁။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင်၊ မင်းရပ်ရပ်ကွက်၊ လက်ခုပ်ပင်ရပ်၊ အနော်ရထာလမ်းရှိ သစ်ကွက်မြေဧရိယာ ၂ဒသမ ၄၇၂ဧကကို ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံး ၃ လမ်း၊ လက်ပံတန်းမြို့၌ အိတ်ဖွင့်လေလံတင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၃-၃၂၀၄၃၊ ၀၅၃-၃၂၀၅၁ နှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ ၃ လမ်း၊ လက်ပံတန်းမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ လက်ပံတန်းမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘီလပ်မြေစက်ရုံများနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၁-၁-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၁-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

တော့ဖွဲ့အကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၅)ရက်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကျင်းပမည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝယ်တောင်ရွာ၏တောင်ဘက်၊ မြိုင်မြို့နယ် ဆူးဝင်းရွာ၏အနောက်ဘက် အောင်လွှမ်းတောင်တောရ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း အောင်လွှမ်းတောင်တောရဆရာတော် ဘဒ္ဒန္တပညာဝံသ ဦးစီး၍ ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါတရားဖြင့် ခုပေါင်းကာ (၂၁-၁-၂၀၁၃) မှ (၂၅-၁-၂၀၁၃) အထိ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်နေ့ ညမှစ၍ ပြာသိုလပြည့်နေ့တိုင်အောင် ဝိပဿနာအလုပ်ပေး တရားစခန်းပွဲ ပြုလုပ်ကျင်းပပြီး ပြာသိုလပြည့်ကျော် (၁)ရက်နေ့ နံနက် (၉)နာရီအချိန်တွင် အောင်လွှမ်းတောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် ပင့်သံဃာ အပါး(၅၀)ကျော်တို့အား သံဃာ့ဒါန ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူပူဇော်ကြမည် ဖြစ်ပါသည်။

သို့ပါ၍ တရားချစ်ခင် ဓမ္မမိတ်ဆွေ သူတော်စင်များနှင့် သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်း သူတော်ကောင်းတို့ ဘုရားဖူး တရားနာကြွရောက်နိုင်ပါကြောင်း နိဗ္ဗာန်ကိုအကျိုးမျှော်၍ နိုးဆော် တိုက်တွန်းအပ်ပါသည်။

အောင်လွှမ်းတောင်တောရဓမ္မရိပ်သာကျောင်းတိုက်
အကျိုးတော်ဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဲတောင်ကျေးရွာ ကွင်းအမှတ် (၉၂၉ ဧ)၊ ဦးပိုင်အမှတ် (၁၉)၊ ဧရိယာ (၆၀ပေ × ၂၀၀ပေ) ရှိ ဦးအောင်မျှင်အမည်ပေါက် မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဲတောင်ကျေးရွာ သစ်ရွှေမြိုင်လမ်းပေါ်ရှိ အမှတ်(၇)ဟုခေါ်တွင်သော ဥယျာဉ်မြီမြေ မြေကွက်တို့အား တစ်ဆင့်ဝယ်ယူထားသူလက်မှိုပိုင်ရှင် ဒေါ်စောစန္ဒာ (၁၂/အစန (နိုင်) ၀၂၈၀၉၁) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ကြိုတင်ပေးချေထားပြီး ဖြစ်ရာ ကန့်ကွက်လိုသူများအနေဖြင့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက် စေ့ရောက်သည့်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိုးဝင်းစိုး (စဉ်-၇၁၈၂)	ဒေါ်နီနီခိုင် (စဉ်-၂၃၀၀၃)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
09-5080432	09-73051684

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မဒေါ်လီရီးစီ ၁၃/တယန(နိုင်)၀၁၃၄၇၇ သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်)ရပ်ကွက်၊ ခွာညိုလမ်းရှိ မြေကွက်အလျားပေ (၈၀×၈၀) အနံပေ(၆၀×၆၀)ရှိမြေကွက်အား ဒေါ်နန်းရှုန် ၁၃/တခလ(နိုင်)၀၀၂၄၉၇ထံမှဝယ်ယူခဲ့ပါသည်။ယင်းမြေကွက်အား မြေဂရန်လျှောက်ထားရန်အတွက် ပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်လီရီးစီ ၁၃/တယန(နိုင်)၀၁၃၄၇၇**

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရူပဗေဒဘာသာရပ် အဓိက ခုံအမှတ် ၃/ရပ-၂၄ ဖြင့် အောင်မြင်ခဲ့သူ မအိအိဖြိုး၏ဖခင်မှာ ဦးသန်းလွင်(ခ) ဦးဖိုး၀ ဖြစ်ပါကြောင်း။

ဦးသန်းလွင်(ခ)ဦးဖိုး၀
၆/မအရ(နိုင်)၀၀၇၆၂၄

"ပါရမီထူးခြားဝေယာဘုရားဖူးသွားလျှင်. . . လိုအင်နိဗ္ဗာန် ပြည့်စုံစေရန်ပါရမီပြည့်မည် စိတ်ချည်သန့်လျက်ရင်မှာကြည်နူး ဓေမာဓိထူး"

ဓေမာဓိထူး အပြည်ပြည်ဆိုင်ရာခရီးသွားနှင့် ယဘုရားဖူးအဖွဲ့

မြတ်ဗုဒ္ဓ၏ဖွားတော်မူရာ (၇)ညအိပ်-(၈)ရက်ခရီး (၇)သိန်း(စရိတ်ငြိမ်း)။ ဖွားတော်မူရာ၊ ဗာရာဏသီမဟာနေယူးဒေလီ(၁၄)ညအိပ်-(၁၅)ရက်ခရီး (၉)သိန်း(စရိတ်ငြိမ်း)ပေတ်(စ်)ပို့သတ်တမ်း(၆)လအထက်ရှိသူများ(၅)သောင်းကျပ်လျှော့ပေးပါမည်။ ၂၀၁၃ မေလအထိ ခရီးစဉ်များစီစဉ်ထားပါသည်။ မိသားစုလိုက်အုပ်စုလိုက်သွားလိုပါကစီစဉ်ပေးပါသည်။ ဝန်ဆောင်မှုများအတွက်စိတ်ပူစရာ မရှိစေရန်နှင့်စိတ်လက်ကြည်နူးစွာဘုရားဖူးနိုင်ရန်စီစဉ်ထားပါသည်။ ရုပ်ဝေးရပ်နီးမှလိုက်ပါမည့်မိဘပြည်သူများ(၂)လကြိုတင်စာရင်းပေးသွင်းရပါမည်။ သာသနာ့ဝန်ထမ်းများအား ဒသိန်းကျပ်လျှော့ပေးပြီးကူညီလိုပါသည်။ ဖြစ်ပို့ဆောင်ပေးလျက်ရှိပါသည်။

ရုံးချုပ်-အမှတ်(၂၆၄)ပန်းဆိုးတန်းလမ်း(ဒုတိယထပ်အခန်း)ကျောက်တံတားမြို့နယ် ရန်ကုန်ဖုန်း-၀၁-၃၇၇၈၀၄၀၁-၃၇၈၄၆၅၊
မန္တလေး-အမှတ်(၁၃၅)၈၅လမ်း၃၃×၃၄လမ်းကြားဖုန်း-၀၉-၄၃၁၁၅၂၉၈၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၀၂၅၀၅၇၃၊
မော်လမြိုင်မြို့၊ ဖုန်း-၀၉-၇၃၇၆၀၉၁၁၊ လားရှိုးမြို့၊ ဖုန်း-၀၉-၄၇၃၀၃၀၀၅၊ တာချီလိတ်မြို့၊ ဖုန်း-၀၉-၅၂၄၀၈၄၆၊
ဘားအံမြို့၊ ဖုန်း-၀၉-၇၃၇၆၀၈၂၉၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၅၆၆၀၃၀၄၊

ရုံးဝန်ထမ်းများအတွက်သင်္ကြန်တွင်း(၇)ညအိပ်(၈)ရက်ခရီးစဉ်များစီစဉ်ထားပါသည်။
ဖေဖော်ဝါရီလနှင့် မတ်လအတွက် လက်မှတ်စောင်ရေအနည်းငယ်သာကျန်ပါတော့သည်။

အလက(၁၁) အင်းစိန်
တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

အလက(၁၁) အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသော အလှူရှင် ကျောင်းသားဟောင်းများအနေဖြင့် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀၆၉၄၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၇၃၁၅၅၄၅၁၊ ဦးကိုကိုဦး ဖုန်း-၀၉-၄၉၂၂၄၉၇၃၊ ဦးညီတိုးမင်း ဖုန်း-၀၉-၇၃၁၃၆၁၈၁၊ ဦးဇော်မင်းနိုင် ဖုန်း-၀၉-၄၂၁၁၂၆၂၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကားဝယ်လိုသည်

PAJERO - ၂ခ၊ ၃ခ နှင့်အထက် ဘယ်မောင်း၊ ဓာတ်ဆီ ခေါင်မြင့် ကားသန့်သန့်လိုချင်ပါသည်။

ဦးအေးသိဏ်း ဖုန်း-၀၉-၄၃၁၆၂၁၄၇၊ ၀၉-၅၁၄၀၁၄၀

ပြောင်စင်းလှပစိတ်တိုင်းကျစေမည်...

ဒက္ခာရီ
အလှဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝကျွမ်းကျင်သူ
Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount(15000/-Ks)
- ဖယောင်းအိတ္တနံ့အေးဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတ္တနံ့ဖြစ်စေမည်။ ၂နှစ်အာမခံ

ရွှေတိဂုံဘုရားလမ်း(အောက်လုပ်ရေးမှတ်တိုင်အနီး)၁၇ပန်းခြံအတွင်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၈၅၆၅၄ Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးရဲပြည့်ဖြိုး ၁၃/လရန(နိုင်)၁၂၉၉၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကိုယ်ပိုင်အထက်တန်းကျောင်း၊ မှတ်ပုံတင်နံပါတ် - ကက - ၁၃/၁၉/၀၂၄
ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

ပင်လုံနှင်းဆီ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် (ဘော်ဒါ)

- (Ph.D, B.Ed, M.Sc, M.A,
- Study Guide များ နှင့်
- (B.Agri)
- Scholar

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်အပ်နှံနိုင်ပါပြီ

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်း

(Rose Park II)
Ph : 01-580396, 01-581668, 09-87 92106, 09-2400261

ပျောက်ဆုံးကြောင်း

ကျွန်မ မဝင့်လကျာ ၁၂/စခန(နိုင်)၀၆၅၃၅၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ရန်။

မဝင့်လကျာ ဖုန်း-၀၁-၅၂၆၉၉၂

အများသိစေရန် တရားဝင်ကြေညာပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ မိုင်းပွန်စော်ဘွားလမ်းတွင်တည်ရှိသော မြေတိုင်းရပ်ကွက်အမှတ် သကမ(၁၅)၊ မြေကွက်အမှတ် ၁၀၂၈(က) ဦးထွန်းကျော်သာ အမည်ပေါက်မြေကွက်နှင့် မြေကွက်အမှတ် ၁၀၂၈(ခ) ဦးအောင်ကျော်မိုးအမည်ပေါက် ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)က တရားဝင်မြေချပါမစ်ထုတ်ပေးခဲ့ပါသည်။ ယင်းမြေကွက်များရရှိရခြင်းမှာ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်း၊ မြို့ပြလေကြောင်းနေရာမှဖျက်သိမ်း၍ ၁၉၉၂ခုနှစ်တွင် စစ်ဒေသ(၁)မှ တီအီးကားကြီးများဖြင့် တရားဝင်ပြောင်းရွှေ့နေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။ မူလပိုင်ရှင်များသည် မိမိတို့ပိုင်မြေကွက်များအား အဆင့်ဆင့်ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါထွန်းက မြေကွက်နှစ်ကွက်စလုံးအား ဝယ်ယူပြီး တရားဝင် လက်ရှိနေထိုင်ခဲ့ပါသည်။ ယင်းမြေကွက်နှစ်ကွက်၏ မူလအမည်ပေါက် မြေချပါမစ်မူရင်းများသည်လည်း ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင် ရှိပါသည်။ မြို့ပြလေကြောင်းနေရာမှ ပြောင်းရွှေ့လာကြသူများအားလုံးနီးပါးသည်လည်း ကျွန်ုပ်၏မိတ်ဆွေ လက်ရှိနေထိုင်ရာ ရပ်ကွက်၌ ယခုလက်ရှိနေထိုင်ကြပါသည်။ သို့အတွက် ကျွန်ုပ်၏မိတ်ဆွေ လက်ရှိနေထိုင်သော မြေကွက်နှစ်ကွက်၏ ပိုင်ဆိုင်မှုသည် ကျွန်ုပ်၏မိတ်ဆွေကသာ လက်ရှိနေထိုင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန် တရားဝင် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**ဦးနေဝင်း (တရားလွှတ်တော်ရှေ့နေ)**
ဒေါ်ဝါဝါထွန်း	**တိုက် ၅၊ အခန်း ၆၊ (၁၁)လမ်း၊**
၁၂/လသယ(နိုင်)၀၂၉၇၄၁	**ဘုရင့်နောင်အိမ်ရာ၊ (၃)ရပ်ကွက်၊**
	လှိုင်မြို့နယ်၊ ရန်ကုန်မြို့

"လုပ်ငန်းသုံး တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်း ကြေညာခြင်းစာချုပ်"

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ကမ်းနားလမ်း ရေကျော်ရွှေ ဝါးခင်းအိမ်ရာ အလုံတာဝါ (မြေညီထပ်)တွင် တည်ထောင်ဖွင့်လှစ်ထားသော JUNCTION CENTRE ASSET MANAGEMENT COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၃၈၇၆/ ၂၀၁၂-၂၀၁၃) သည် အောက်ဖော်ပြပါ တံဆိပ်အမည် နှင့် Logo အမှတ်အသား ကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်- ၄/၄၆/ ၂၀၁၃ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အသုံးပြုမည့် Logo အမှတ်တံဆိပ် နှင့် " Junction " အမည်အမှတ်အသားပုံ

JUNCTION mall
JUNCTION City
JUNCTION CENtRE
JUNCTION SQUARE

JUNCTION CENTRE ASSET MANAGEMENT COMPANY LIMITED သည် မိမိလုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းအမျိုးမျိုးတို့တွင် " Junction City" " Junction Mall" " Junction Centre" "Junction Square" အမည်နှင့်Logo အမှတ်အသား တံဆိပ်ကို အသုံးပြု၍ မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် လည်းကောင်း မြို့ကြီးများရှိ မြို့နယ် များတွင် လည်းကောင်း မြို့ရွာနယ်ပယ် အသီးသီးတွင် လည်းကောင်း တစ်ဦးတည်း ကုမ္ပဏီမူပိုင်အဖြစ် ဖော်ပြသုံးစွဲပါသည်။

JUNCTION CENTRE ASSET MANAGEMENT COMPANY LIMITED ၏ ကုမ္ပဏီမူပိုင် ပြုလုပ်ထားသော" Junction City", " JunctionMall" "JunctionCentre" "JunctionSquare" အမည်နှင့် Logo တံဆိပ်အမှတ်အသားများကိုသာကျွန် ဒီဇိုင်းအမျိုးမျိုး အရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုးဖြင့် ကုမ္ပဏီမှလုပ်ကိုင်ဆောင်ရွက်သည့်"ShoppingCentre" လုပ်ငန်းအမျိုးမျိုးတို့၌ မူပိုင်အဖြစ် ဖော်ပြသုံးစွဲပါသည်။

JUNCTION CENTRE ASSET MANAGEMENT COMPANY LIMITED ၏ ကုမ္ပဏီမူပိုင်အဖြစ် ပြုလုပ်ထားသည့်အမည်နှင့်Logo တံဆိပ်အမှတ်အသားများကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းအမျိုးမျိုးပေါ်တွင်အောင်မြင်နေခြင်းအပေါ် အခွင့်ကောင်းယူ၍ အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် ပုံသဏ္ဌာန် ဒီဇိုင်း အပါ အဝင် အမည်နာမ အက္ခရာစာလုံးကို ဆင်တူယိုးမှား ထင်ယောင်ထင်မှားအဖြစ် တုပသုံးစွဲခြင်း မပြုရန် လေးနက်စွာ အသိပေးတားမြစ်လိုက်ပါသည်။

မည်သူမဆို ဤကြော်ငြာ ပါရှိပြီးနောက်ပိုင်း အထက်ဖော်ပြပါ တံဆိပ်အမည် နှင့် Logo အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ၊ တုပပြုလုပ်၍ အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေရန် သုံးစွဲလျက်ရှိကြောင်း တွေ့ရှိရပါက JUNCTION CENTRE ASSET MANAGEMENT COMPANY LIMITED ၏နစ်နာဆုံးရှုံးမှုများအပေါ် သက်ဆိုင်ရာ တရားရုံးများတွင် ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ၊ တရားစွဲဆို၍ နစ်နာမှုများကို တောင်းဆိုသွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှတင် (LL.B)
တရားလွှတ်တော်ရှေ့နေ
No- 85(GF), 37th Street, Kyauktada Tsp, Yangon.
Ph : 371898, 391248, 392090 , Hp- 09 5021244

ဗုဒ္ဓဂယာမြေမြတ်မဟာဌ်သာသနာ့ရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

ဗုဒ္ဓဂယာဒေသသည် ဗုဒ္ဓဘာသာဝင်များအတွက် ကမ္ဘာ့အမြင့်မြတ်ဆုံး မြေနေရာတော်မြတ်ဖြစ်သည်။ ဘဒ္ဒကမ္ဘာ၏ ရှေးဘုရားလေးဆူတို့သည်လည်း ဤနေရာတော်မြတ်တွင် ပွင့်ထွန်းတော်မူခဲ့ပါသည်။ နောင်လာမည့် အရိမေတ္တေယျဘုရားရှင်သည်လည်း ဤနေရာတော်၌ပင် ပွင့်ထွန်းတော်မူဦးမည်ဖြစ်ပါသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့ ဗောဓိသုခ ပရဟိတ မြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒောဘာသ အရှင်မြတ်ဦးဆောင်၍ ဤဗုဒ္ဓဂယာမြေမြတ်မဟာ၌ (၃၂၄၀၀) စတုရန်းပေ ကျယ်ဝန်းသောမြေကြီးကို သာသနာ့ဝတ္တကမြေအဖြစ် အောင်မြင်စွာ ဝယ်ယူပြီးမြောက်ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရောက် သာသနာ့ ဒါယကာ၊ ဒါယိကာမများက ဤမြေမြတ်မဟာဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီးနှင့် အနီးကပ်ဆုံးမြေကွက်တစ်ခုအား မိမိတို့ သဒ္ဓါတတ်စွမ်းသရွေ့ စုပေါင်းပါဝင်လှူဒါန်းခဲ့ကြပြီးဖြစ်ပါသည်။ ဤထူးခြားမွန်မြတ်လှသော သာသနိကဝတ္ထုကံ မြေသန့်မင်္ဂလာအခမ်းအနားတွင် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ မထေရ်မြတ်နှင့် အိန္ဒိယနိုင်ငံရှိ ကျောင်းထိုင်ဆရာတော်ကြီးများက မြေသန့်မင်္ဂလာအခမ်းအနားကို (၁၃၇၄ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်) ၇-၁၂-၂၀၁၂(သောကြာနေ့) နံနက် ၉း၂၀ နာရီတွင် ပြုလုပ်ပေးပြီး ပြည်တွင်း၊ ပြည်ပ သာသနာပြု ကမ္ဘာကျော် ဓမ္မကထိက၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်၊ ဗုဒ္ဓဂယာ မဟာဗောဓိ ပရဟိတ မြန်မာကျောင်းတိုက်၏ ဩဝါဒါစရိယ၊ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ မထေရ်မြတ်မှ မြေကြီးအလှူ ရေစက်ချအနုမောဒနာတရားပွဲကို ထိုနေ့ညနေ ၃ နာရီတွင် ဟောကြားတော်မူခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် ဝယ်ယူပြီးစီးပြီးဖြစ်သော အဆိုပါသာသနာ့မြေကြီးပေါ်၌ ပထမဦးဆုံးသော ဗောဓိရုက္ခမူလ (၅)ထပ်ကျောင်းဆောင်တော်ကြီးကို စတင်ဆောက်လုပ်ရန် မြေညီထပ်မှနေ၍ ငါးထပ်အထိ စုစုပေါင်း (၃၁၅၀၀) စတုရန်းပေရှိမည်ဖြစ်ပါသည်။ စေတနာရှင်များအနေဖြင့် တစ်စတုရန်းတစ်ပေလျှင် မြန်မာငွေ(၂၂၀၀၀)ကျပ်ဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူခံဌာနများမှာ-

၁။ ဆရာတော် ဒေါက်တာနန္ဒောဘာသ[M.A, Ph.D], Visiting Professor (New Age International University, USA) မဟာဗောဓိပရဟိတ မြန်မာကျောင်း(ဗုဒ္ဓဂယာ၌ ယခုဆောက်လုပ်ဆဲယာယီကျောင်း)၊ ဗုဒ္ဓဂယာ၊ ဂယာ၊ ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ၊ ဖုန်း-၀၀၉၁-၉၈၃၀၀၅၃၉၅၇ Email-ndbatha@gmail.com,web-www.bmission.net; www.bmission.blogspot.com

၂။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စား ဆရာတော် ဦးနန္ဒက၊ တရုတ်ဗုဒ္ဓဘာသာကျောင်း၊ နာလန္ဒာ၊ ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ ဖုန်း-၀၀၉၁-၉၉၃၁၈၁၆၀၅၆

၃။ ဆရာတော် ဒေါက်တာနန္ဒောဘာသကိုယ်စား ဆရာတော်ဦးဉာဏဝရဘိဝံသ(မဟာဂန္ထဝါစကပဏ္ဍိတ) သ. စ. သ. အ၊ ဓမ္မာစရိယ၊ ဓာတ်မီးကျောင်း၊ (ဓမ္မဝါစက)၊ ဗိုလ်တထောင်ဘုရားကြီးတိုက်၊ ရန်ကုန်၊ ဖုန်း-၀၁-၂၉၁၈၆၅၊ ၀၉၅၀၂၄၆၅၃၊

၄။ ဆရာတော်ဒေါက်တာနန္ဒောဘာသ ကိုယ်စား ဦးနန္ဒဝံသ (ဓမ္မဝါစက) ဓာတ်မီးကျောင်း၊ဖုန်း- ၀၉၄၉၂၈၀၉၀၆၊ ၀၉-၄၃၁၆၆၄၅၀

